# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ အမှတ်(၁၃၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က

## (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ⇨*



**ယနေ့ ဇတ်စရာ**

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ** ဆောင်းပါး စာ ၆

**(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်** ပြည်တွင်းသတင်း စာ ၁၁

❍ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပမည့်မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဇေယျကျော်ထင် သရေစည်သူ ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြု**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့မှ တေးသံရှင်များနှင့် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေ တင်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်ထောင်စုတေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက "မွေးရန့်စုံလင် ပြည်ထောင်စုသဘင်" တေးသီချင်းဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း ဥပစာရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ နံနက် ၅ နာရီ မိနစ် ၃၀ တွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင်တပ်စုတို့သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အစီအစဉ်များအတိုင်း စင်မြင့်ထိပ်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ဆောင်ရွက်ပြီး အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မန္တလာသီရိ အားကစားကွင်း ဥပစာရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တက်ရောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အစီအစဉ်များအတိုင်း အလေးပြုကြပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။ **သတင်းစဉ်**



# (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားကို (၁)နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ (၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားလူမျိုးများ အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ (၃)နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ (၄) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊ (၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးဟူသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။



(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

ရှေးဦးစွာ နံနက် ၅ နာရီ မိနစ် ၃၀ တွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်ဖွဲ့က တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် အလေးပြုကြမည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများသည် အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗေယျကျော်ထင်သရေစည်သူ ဦးညိုစောက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗေယျကျော်ထင်သရေစည်သူ ဦးညိုစောနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗေယျကျော်ထင်သရေစည်သူ ဦးညိုစောက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗေယျကျော်ထင်သရေစည်သူ ဦးညိုစောသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်ဝန်ကြီးချုပ် ဗေယျကျော်ထင်သရေစည်သူ ဦးညိုစော ဖတ်ကြားစဉ်။

# စစ်တွေမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



စစ်တွေမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကျင်းပစဉ်။

ဦးစွာ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ကြောင်းတို့က စစ်ကြောင်းချီတက်ပြီး စစ်ရေးပြမှူးက ဦးဆောင်ကာ ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်အပေါင်းနှင့် တပ်မတော်သားများအား အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်သည် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့များ၊ တိုင်းရင်းသားကိုယ်စားလှယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

# စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာနွယ်ရီဝင်း

**စာပေအနုပညာလက်ရာများကို ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးသူများသည် ၎င်းတို့ ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့်ပိုင်ရှင်များဖြစ်ကြသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ဥပဒေအရ သတ်မှတ်ထားသော စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ ရရှိကြသည်။**

စီးပွားရေးဆိုင်ရာ အခွင့်အရေးအနေဖြင့် မူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးသည့် လက်ရာများကို အခြားသူများက အသုံးပြုခြင်းအတွက် ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်ရရှိသည်။ သို့ဖြစ်၍ မူပိုင်ရှင်များသည် ၎င်းတို့ပိုင်ဆိုင်မှုများမှ စီးပွားရေးဆိုင် ရာ အကျိုးအမြတ်ရရှိမှု သေချာစေရန် ၎င်းတို့၏ အခွင့်အရေးများကို ကောင်းမွန်စွာ စီမံခန့်ခွဲရန် လိုအပ်သည်။

မူပိုင်ရှင်များက စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မိမိကိုယ်တိုင် စီမံခန့်ခွဲနိုင်သကဲ့သို့ စာပေနှင့် အနုပညာမူပိုင်ခွင့်များကို စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများသို့လည်း အပ်နှံနိုင်သည်။ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization–CMO) ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံပြီး ၎င်းတို့၏ အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်ဘဲ စီမံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည်။

နိုင်ငံတကာတွင် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို များသောအားဖြင့် အမြတ်အစွန်းအတွက် မရည်ရွယ်သည့် non-profit organization များအဖြစ် ဖွဲ့စည်းတည်ထောင်လေ့ရှိကြသည်။ စာပေနှင့် အနုပညာအခွင့်အရေးများကို စုပေါင်းစီမံခန့်ခွဲသည့်စနစ်သည် စာပေနှင့် အနုပညာဖန်တီးမှုလက်ရာများကို အများပြည်သူထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေနိုင်ခြင်းကြောင့် ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပြန့်ပွားရေးအတွက် အရေးပါသကဲ့သို့ စာပေအနုပညာဖန်တီးမှု ထုတ်ကုန်များဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတွင် စာပေအနုပညာဖန်တီးမှုလက်ရာများကို ကမ္ဘာအနှံ့မှ ပရိသတ်များထံသို့ လျင်မြန်စွာရောက်ရှိစေရန် CMO စနစ်ကို တည်ထောင်ကြသည်။ CMO များသည် ဖန်တီးသူများကို ၎င်းတို့၏ ဖန်တီးမှုရလဒ်များမှ စီးပွားရေးအကျိုးအမြတ်ရရှိမှုကို သေချာစေပြီး အသုံးပြုသူများအနေဖြင့်လည်း စာပေအနုပညာဖန်တီးမှုလက်ရာအမျိုးမျိုးကို လွယ်လင့်တကူ ရရှိခံစားစေနိုင်သကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို ဖြစ်ပေါ်တိုးတက်စေနိုင်သည်။

**"စာပေ သို့မဟုတ် အနုပညာလက်ရာများကို စီးပွားရေးအလို့ငှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ စင်တင်တေးဂီတ၊ KTV ၊ Social Media များတွင် အသုံးပြုလျှင် အသုံးပြုသူများသည် CMO သို့ ဆက်သွယ်၍ အသုံးပြုသည့် လက်ရာအတွက် မူပိုင်ကြေးများကိုလည်း သက်ဆိုင်ရာ CMO မှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ပေးဆောင်ရမည်ဖြစ်သည်။ အကယ်၍ အသုံးပြုလိုသည့် လက်ရာသည် CMO သို့ အပ်နှံထားခြင်းမရှိပါက သက်ဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များသို့ တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်ရယူခြင်းနှင့် မူပိုင်ကြေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်"**

## စုပေါင်းစီမံခန့်ခွဲသည့်စနစ်

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးထားသည့် လက်ရာများအား မည်ကဲ့သို့ အသုံးပြုမည်၊ မည်သူအား အသုံးပြုခွင့်ပြုပေးမည်ကို ကိုယ်တိုင်စီမံဆောင်ရွက်ခွင့်ရှိသည်။ မူပိုင်ခွင့်ပိုင်ရှင်နှင့် အသုံးပြုသူတို့အကြား သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ခွင့်ပြုချက်ဖြင့် အသုံးပြုခွင့် လိုင်စင်ပေးခြင်းတို့ဖြင့် မိမိ၏လက်ရာများကို အသုံးပြုသူထံမှ မူပိုင်ခအခကြေးငွေများ ရရှိနိုင်သည်။ သို့ရာတွင် အချို့သောလုပ်ငန်းများဖြစ်သည့် အနုပညာလက်ရာများကို ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ အများပြည်သူသို့ ထုတ်လွှင့်တင်ဆက်ခြင်းနှင့် ပွဲလမ်းသဘင်နှင့် ခန်းမများတွင် ဖျော်ဖြေတင်ဆက်မှုများတွင် ဖန်တီးသူလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်များထံမှ လက်ရာတိုင်းအတွက် အသုံးပြုရန်ခွင့်ပြုချက်ရယူခြင်း၊ ထိုက်သင့်သည့် မူပိုင်ကြေးပေးခြင်းများ ပြုလုပ်ရန် မလွယ်ကူသည့်အတွက် မူပိုင်ရှင်၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်စား စီမံခန့်ခွဲရန် တာဝန်ယူသည့် အဖွဲ့အစည်းများ တည်ထောင်ကြခြင်းဖြစ်သည်။

စာပေအနုပညာလက်ရာများအား အသုံးပြုလိုသူများအနေဖြင့် CMO နှင့် ဆက်သွယ်၍ ခွင့်ပြုချက်လိုင်စင်ရယူခြင်းဖြင့် တစ်နေရာတည်းမှ လက်ရာများအား အသုံးပြုခွင့်ရရှိပြီး မူပိုင်ကြေးများကိုလည်း မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးချင်းစီကို ဆက်သွယ်ပေးချေရန်မလိုဘဲ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ပေးချေနိုင်သည်။ တစ်ဖန် စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းက မူပိုင်ခွင့်ပိုင်ရှင်များထံသို့ မူပိုင်ကြေးများအား စနစ်တကျ ပြန်လည်ခွဲဝေပေးခြင်းဖြင့် CMO ၏ လုပ်ငန်းတာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်သည်။

**စာပေ သို့မဟုတ် အနုပညာလက်ရာများကို စီးပွားရေးအလို့ငှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ စင်တင်တေးဂီတ၊ KTV ၊ Social Media များတွင် အသုံးပြုလျှင် အသုံးပြုသူများသည် CMO သို့ ဆက်သွယ်၍ အသုံးပြုသည့် လက်ရာအတွက် မူပိုင်ကြေးများကိုလည်း သက်ဆိုင်ရာ CMO မှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ပေးဆောင်ရမည်ဖြစ်သည်။ အကယ်၍ အသုံးပြုလိုသည့် လက်ရာသည် CMO သို့ အပ်နှံထားခြင်းမရှိပါက သက်ဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များသို့ တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်ရယူခြင်းနှင့် မူပိုင်ကြေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။**

## CMOစနစ်တည်ထောင်ရန် ဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတွင် စုပေါင်းစီမံခန့်ခွဲသည့်စနစ် တည်ထောင်နိုင်ရန်အတွက် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အခန်း(၁၉)တွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအား ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ CMO ဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

CMO အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားရမည့် လျှောက်လွှာပုံစံများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၂၄ ဖြင့်လည်းကောင်း၊ လျှောက်ထားရာတွင် ဝန်ဆောင်မှုအမျိုးအစားအလိုက် ပေးဆောင်ရမည့် အခကြေးငွေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## CMO ဖွဲ့စည်းရန်လျှောက်ထားခြင်း

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လျှောက်ထားခြင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) နေပြည်တော်တွင် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီဖြစ်သည်။ ထိုသို့ လျှောက်ထားရာတွင် အဖွဲ့အစည်း၏ အထွေထွေမန်နေဂျာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူက အဖွဲ့၏ကိုယ်စား လျှောက်လွှာပုံစံ CMO–1 ကိုအသုံးပြု၍ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီသို့ လိပ်မူလျှောက်ထားရမည်ဖြစ်သည်။ CMO ၏ သက်တမ်းမှာ ဖွဲ့စည်းခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်အထိဖြစ်သည်။ သက်တမ်းမကုန်ဆုံးမီ သုံးလအတွင်း နောက်ထပ်ငါးနှစ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပုံစံCMO–2 ကို အသုံးပြု၍ အေဂျင်စီထံ လျှောက်ထားနိုင်သည်။

## ဖွဲ့စည်းနိုင်သည့် CMO အရေအတွက်

CMO များကို စာပေကဏ္ဍ၊ တေးဂီတကဏ္ဍ၊ ရုပ်ရှင်နှင့် အရုပ်အသံကဏ္ဍ၊ အမြင်အာရုံဖြင့် ခံစားနိုင်သော ဖန်တီးမှုအနုပညာနှင့် ဓာတ်ပုံကဏ္ဍ၊ ပြဇာတ်ကဏ္ဍ စသည့်ကဏ္ဍများတွင် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ စာပေ၊ အနုပညာ၊ တေးဂီတ၊ ရုပ်ရှင်နှင့် အရုပ်အသံ၊ ပြဇာတ် စသည့် ကဏ္ဍတစ်ခုစီအတွက် တူညီသည့် အခွင့်အရေးအမျိုးအစားကို စီမံခန့်ခွဲမည့် အဖွဲ့အစည်းအများဆုံးနှစ်ဖွဲ့ ဖွဲ့စည်းနိုင်သည်။ ဥပမာ– တေးဂီတကဏ္ဍတွင် တေးရေးဆရာ၊ တေးဂီတလက်ရာ ဖန်တီးသူများအတွက်(Copyright) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့၊ ဖျော်ဖြေသူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့၊ တေးထုတ်လုပ်သူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့ စသည်ဖြင့် တေးဂီတကဏ္ဍအတွက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့ပေါင်း ခြောက်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

## CMO အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည့်မီရမည့် အချက်အလက်များ

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီရမည်–

- အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းဖြစ်ရမည်။
- စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းက စီမံဆောင်ရွက်မည့် စာပေအနုပညာကဏ္ဍအလိုက် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ သို့မဟုတ် အခွင့်အရေးရရှိသူများက အဖွဲ့ဝင်များအနေဖြင့် ပါဝင်သည့် အဖွဲ့အစည်းဖြစ်ရမည်။ (ဥပမာအားဖြင့် တေးဂီတကဏ္ဍတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကို

*စာမျက်နှာ ၇ သို့*

**CMO လျှောက်ထားရာတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်၊ မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်၊ မူပိုင်ခွင့်ပိုင်ရှင်များကို အဖွဲ့ဝင်အဖြစ် လက်ခံသည့် သဘောတူညီချက်၊ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် သဘောတူညီချက် စသည့်အချက်အလက်များကို ပြည့်စုံစွာ တင်ပြရမည်ဖြစ်သည်။ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်နှင့် မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်များသည် CMO လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်များဖြစ်**

# လွိုင်ကော်မြို့၌ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၁၂

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက လွိုင်ကော်မြို့ ကန္တာရဝတီ ဟောင်ပန်းခြံ ကျောက်သားရင်ပြင်၌ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသနေ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုသည်။

ယင်းနောက် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မမြို့ဖများ၊ ဒေသနေ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ပထမဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဆင့်မြင့်ပညာအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဒုတိယနှင့် တတိယဆုရရှိသူများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများ ပေးအပ်သည်။



ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသူများက တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသနေတိုင်းရင်းသားပြည်သူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

စီမံမည်ဆိုလျှင် မူပိုင်ရှင်များဖြစ်သော တေးရေးဆရာများ၊ တေးဂီတလက်ရာ ဖန်တီးသူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။ ဆက်နွှယ်သည့်အခွင့်အရေးကို စီမံခန့်ခွဲသည့်အဖွဲ့ဖြစ်ပါက ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။)

- CMO ၏ လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရမည်။

### CMO ၏ လုပ်ငန်းတာဝန်များ

CMO ၏ လုပ်ငန်းတာဝန်များတွင် အဖွဲ့အစည်းအနေဖြင့် တစ်နှစ်တွင် အနည်းဆုံး တစ်ကြိမ် အထွေထွေအစည်းအဝေးကျင်းပခြင်း၊ နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အေဂျင်စီသို့ တင်ပြခြင်း၊ အဖွဲ့အစည်းသို့ အပ်နှံထားသည့် လက်ရာများကို အသုံးပြုခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း၊ မူပိုင်ကြေးများ ခွဲဝေပေးနိုင်ရေးအတွက် လက်ရာများကို အသုံးပြုသည့် အချက်အလက်များကို စုစည်းပြုစုခြင်း၊ အသုံးပြုသူများထံမှ မူပိုင်ကြေးများ ကောက်ခံပြီး အဖွဲ့ဝင်ဖြစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များကို ခွဲဝေပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### CMO လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များ

**CMO လျှောက်ထားရာတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်၊ မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်၊ မူပိုင်ခွင့်ပိုင်ရှင်များကို အဖွဲ့ဝင်အဖြစ် လက်ခံသည့် သဘောတူညီချက်၊ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် သဘောတူညီချက် စသည့်အချက်အလက်များကို ပြည့်စုံစွာ တင်ပြရမည်ဖြစ်သည်။ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်နှင့် မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်များသည် CMO လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်များဖြစ်သည်။**

**အဆိုပါ သတ်မှတ်ချက်များကို လေ့လာပြီး မူပိုင်ခွင့်ပိုင်ရှင်များက ၎င်းတို့၏ အခွင့်အရေးများကို စီမံခန့်ခွဲပေးရန် CMO များသို့ ရွေးချယ်အပ်နှံလေ့ရှိကြသည်။ CMO များသည် မူပိုင်ရှင်များအား မူပိုင်ကြေး ပြန်လည်ခွဲဝေရာတွင်လည်း သတ်မှတ်ချက်အတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်း မရှိပါက မလိုလားအပ်သည့် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ပြီး အဖွဲ့အစည်း၏ ပုံရိပ်နှင့်ယုံကြည်မှုကို ထိခိုက်နိုင်သည်။**

### CMO အား ဆိုင်းငံ့ခြင်း

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် CMO ၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်၍ လိုအပ်ပါက လုပ်ငန်းဆောင်ရွက်မှုများကို ဆိုင်းငံ့ခွင့်ရှိသည်။ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ၊ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ စာရွက်စာတမ်းနှင့် အချက်အလက်များကို မမှန်မကန်တင်ပြခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုမရှိခြင်း၊ အသုံးပြုသူ တစ်ဦးဦးနှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖောက်ဖျက်ခြင်း၊ သက်သေခံလက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အချက်အလက်များကို မမှန်မကန်တင်ပြ၍ ဖြစ်စေ ရယူထားခြင်း၊ အဖွဲ့အစည်းကို အပ်နှံထားခြင်းမရှိသည့် လက်ရာအမျိုးအစား သို့မဟုတ် အခွင့်အရေးကို စီမံဆောင်ရွက်ခြင်း၊ မူပိုင်ခများ ကောက်ခံခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊ ကောက်ခံရရှိသည့် မူပိုင်ခများကို အခြားကိစ္စရပ်များအတွက် အသုံးပြုခြင်း၊ အဖွဲ့အစည်း ဖွဲ့စည်းခွင့်ရရှိပြီး တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမရှိခြင်း စသည့်အချက်အလက်များကို တွေ့ရှိပါက အေဂျင်စီသည်CMO၏ လုပ်ငန်းဆောင်ရွက်မှုကို ခြောက်လ ဆိုင်းငံ့ထားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုမပြုရန် ဆိုင်းငံ့ခံရကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ခြောက်လအတွင်း ဆိုင်းငံ့ထားခြင်းအား ရုပ်သိမ်းပေးရန် ဖြေရှင်းချက် သို့မဟုတ် ရှင်းလင်းချက်များနှင့်အတူ အေဂျင်စီထံ တင်ပြနိုင်ပါသည်။ အေဂျင်စီသည် CMO က တင်ပြလာသည့် ရှင်းလင်းချက်များကို စိစစ်ပြီး ဆိုင်းငံ့မိန့်ကို ရုပ်သိမ်းနိုင်သည်။

### CMO အဖြစ်မှ ပယ်ဖျက်ခြင်း

CMO သည် လုပ်ငန်းဆိုင်းငံ့ခြင်းခံရပါက ခြောက်လအတွင်း ဆိုင်းငံ့ခံရမှုကို ရုပ်သိမ်းပေးရန် တင်ပြမှုပျက်ကွက်ခြင်း၊ ရုပ်သိမ်းပေးရန် တင်ပြခဲ့သော်လည်း အေဂျင်စီက ဆိုင်းငံ့မိန့်အား ရုပ်သိမ်းမှုမရှိခြင်း သို့မဟုတ် ဆိုင်းငံ့မိန့်ကို ရုပ်သိမ်းပေးပြီးနောက် CMO က ဆိုင်းငံ့ခြင်းနှင့် သက်ဆိုင်သည့် အချက်တစ်ရပ်ရပ်ကို ထပ်မံချိုးဖောက်ခဲ့လျှင် CMO အဖြစ်မှ ရုပ်သိမ်းခံရမည်ဖြစ်သည်။

CMO အဖြစ် ဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားမှုမရှိခြင်း၊ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် CMO အဖြစ်မှ ပယ်ဖျက်ခြင်းခံရခြင်းဖြစ်လျှင် CMO သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခွင့် မရှိချေ။

### CMO စနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ

နိုင်ငံတကာတွင် အစိုးရက စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်စေရန် စည်းမျဉ်းများ၊ နည်းဥပဒေများ ချမှတ်ပြီး ဆောင်ရွက်ကြသည်။ နိုင်ငံအချို့တွင် စုပေါင်း စီမံခန့်ခွဲသည့်စနစ် မအောင်မြင်ခြင်းမှာ ဥပဒေတစ်ရပ်ဖြင့် ထိန်းကျောင်းမှုမရှိဘဲ CMO များစွာ ဖွဲ့စည်းခွင့်ပြုခဲ့ခြင်းကြောင့် အသုံးပြုသူများအနေဖြင့် ယုံကြည်မှုလျော့နည်းခြင်း၊ ခွင့်ပြုချက်လိုင်စင်ကို မည်သည့် CMO ထံ မှ ဆက်သွယ်ရယူရမည်ကို မသေချာခြင်း စသည်တို့ကြောင့် ဖြေရှင်းရန်မလွယ်ကူသည့် အခက်အခဲပြဿနာများ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ CMO များက မူပိုင်ကြေးများကို သုံးစွဲသူများထံမှ ကောက်ခံခဲ့သော်လည်း မူပိုင်ခွင့်ပိုင်ရှင်များကို မျှတစွာ ပြန်လည်ခွဲဝေပေးခြင်းမရှိခြင်းကြောင့် ပြဿနာများ ပေါ်ပေါက်ကာ CMO များ ရုပ်သိမ်းခဲ့ကြရသည်။

သို့ဖြစ်၍ နိုင်ငံတော်တွင် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သင်ခန်းစာယူ၍ CMO များ ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ CMO များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ပါက CMO များ၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်များအတွက် ယုံကြည်အားထားမှုကို ရရှိမည်ဖြစ်သည်။

CMO များက မူပိုင်ခွင့်လက်ရာများကို လက်ခံ၍ စီမံဆောင်ရွက်ရာတွင်လည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လက်ရာများဖြစ်ပါက မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် စာပေနှင့် အနုပညာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် နိုင်ငံတော်မှ စနစ်တကျ တည်ဆောက်ပေးလျက်ရှိသော CMO အဖွဲ့အစည်းများကို အသုံးပြု၍ မိမိတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် CMO များမှတစ်ဆင့် နိုင်ငံတကာသို့ မိမိတို့၏လက်ရာများ လွယ်ကူစွာပျံ့နှံ့ဝင်ရောက်နိုင်စေရန် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဖော်ပြလိုက်ပါသည်။

### CMO စနစ်၏အကျိုးကျေးဇူး

CMO များက မူပိုင်ခွင့်ပိုင်ရှင်များနှင့် စာပေအနုပညာလက်ရာအသုံးပြုသူများအကြား ကြားခံအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပေးသည်။ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ လက်ရာများကို မည်သူတွေက မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးပြုနေသည်ဆိုသည်ကို အမြဲလိုက်လံစုံစမ်းရန် မလွယ်ကူချေ။ ထို့ကြောင့် ၎င်းတို့၏ လက်ရာများကို ပိုင်ရှင်မသိဘဲ အသုံးပြုခြင်းခံနေရပြီး မူပိုင်ခွင့် ချိုးဖောက်ခံရမှုများရှိပါသည်။ CMO သည် ၎င်းထံ အပ်နှံထားသည့် လက်ရာများကို အသုံးပြုနေသည့် နေရာများသို့ လေ့လာစုံစမ်းပြီး မူပိုင်ကြေးများရရှိရန် ဆောင်ရွက်ပေးသဖြင့် မူပိုင်ရှင်များ၏ အခွင့်အရေး ချိုးဖောက်ခံရမှု လျော့နည်းစေပြီး စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုရရှိစေမည်ဖြစ်သဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များနှင့် အသုံးပြုသူများအကြား အပြန်အလှန် အကျိုးသက်ရောက်မှုရှိစေသည့် စီမံခန့်ခွဲမှုစနစ်တစ်ခု ဖြစ်ပါသည်။

နိုင်ငံအတွင်းရှိ CMO များသည် အခြားသောနိုင်ငံများရှိ CMO များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် CMO တွင် အပ်နှံထားသည့် လက်ရာများကို အခြားသောနိုင်ငံများတွင် မိမိတို့၏ လက်ရာများကို အသုံးပြုသည့် မူပိုင်ကြေးများကို သက်ဆိုင်ရာနိုင်ငံ၏ CMO များမှတစ်ဆင့် ကောက်ယူနိုင်သည့်အတွက် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ရည်တု နည်းပညာအသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်သည်။

### တွေ့ရှိချက်ရလဒ်များဆွေးနွေးသွားမည်

ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ရည်တုနည်းပညာ အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နည်းပညာတက္ကသိုလ်များ၌ နှစ်စဉ်ရေးသားပြုစုထားသည့် သုတေသနစာတမ်းများ၏ တွေ့ရှိချက်ရလဒ်များကို လုပ်ငန်းရှင်များ သိရှိနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများမှ သုတေသနပြုလုပ်ထားသည့် တွေ့ရှိချက်များကိုလည်း လုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ခြင်းအစီအစဉ်များကို ပိုမိုကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နည်းပညာများသည် အစဉ်အမြဲပြောင်းလဲတိုးတက်နေသဖြင့် ခေတ်နှင့်အညီ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုကျင်းပလျက်ရှိသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ Digital Corner ပြခန်းဖွင့်လှစ်ကာ MSME များနှင့်ပတ်သက်၍ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်ထားသည့် အခြေအနေများကို ခင်းကျင်းပြသထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်းနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### လုပ်ငန်းရှင်များက သိလိုသည်များမေးမြန်း

ယင်းနောက်သုတေသန တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန၊ ဇီဝနည်းသုတေသနဦးစီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နည်းပညာများဖြန့်ဝေပေးနေမှု၊ ဉာဏ်ရည်တု နည်းပညာအသုံးပြုရေးတို့ကို ဆွေးနွေးပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် MSME များ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။(အပေါ်ပုံ)



### တွေ့ဆုံဆွေးနွေး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျနှင့် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်ကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်တည်ထောင်စဉ်မှ ငွေကြေးအရင်းအနှီးရရှိရေး၊ ဈေးကွက်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည့်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ပြည်တွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများတည်ထောင်မည်ဆိုပါက မည်သည့်လုပ်ငန်းအမျိုးအစား ဆောင်ရွက်မည်၊ မည်သည့်ထုတ်ကုန်ကို ထုတ်လုပ်မည်၊ မည်သည့် ကုန်ကြမ်းကိုအသုံးပြုမည်၊ မည်သည့် နည်းပညာကို အသုံးပြုမည်၊ မည်သည့် ဈေးကွက်ကို ဖြန့်ဝေမည်တို့ကို ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ မိမိထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်မှုဆောင်ရွက်ထားသည်ကို အများပြည်သူသိရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကုမ္ပဏီများအား ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပဉ္စမနေ့တွင် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိပြီး ယနေ့ ပြပွဲပဉ္စမနေ့တွင် ဒေသခံပြည်သူအများအပြားလာရောက်ကြည့်ရှုလေ့လာကြသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်သူများက MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို စိတ်ဝင်တစား ကြည့်ရှုအားပေးဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြကြောင်း သိရသည်။

ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွား ချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ ပါဝင်ပြသလျက်ရှိသည်။

ပြခန်းအလိုက် တာဝန်ရှိသူများက စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုသူများအား ပြသထားသည့် ထုတ်ကုန်များနှင့် သက်ဆိုင်သော အချက်အလက်များ၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံထား အသုံးပြုမှုများ၊ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည့်အပြင် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ပြပွဲသို့ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများနှင့် ထုတ်ကုန်များ ဝယ်ယူမှုများပြားနေခြင်းတို့ကြောင့်လည်းကောင်း၊ ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်လျက်ရှိသဖြင့် မိဘပြည်သူများ ဆက်လက်ကြည့်ရှုဝယ်ယူနိုင်ရေးအတွက်လည်းကောင်း ပြပွဲကို တစ်ရက်တိုး၍ ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်ဟု ပြပွဲကျင်းပရေးကော်မတီထံမှ သိရသည်။



ယနေ့ပြပွဲ ပဉ္စမနေ့တွင် လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူ ၆၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ယနေ့ မွန်းလွဲ ၃နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၁၅ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**


## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# ဝယ်ယူတဲ့သူတွေက ထုတ်ကုန်အသစ်တွေ၊ ဒီဇိုင်းအသစ်တွေ ထုတ်ဖို့အတွက်လည်း အကြံဉာဏ်တွေပေးကြတယ်၊ အဲဒီလို အကြံဉာဏ်တွေပေးတော့ ပိုပြီး အားရှိပါတယ်၊ အကြံဉာဏ်တွေပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်

ဦးထွန်းလွင်



ဦးမျိုးမင်းထိုက်



ဒေါ်ခင်မေသွင်



ဦးထွန်းလွင်



ဒေါ်ကျင်ဇနဲမ်



ဦးမျိုးလွင်



ဦးတင့်လွင်

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည်။**

ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိပြီး ပါဝင်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၊ ပြခန်းတာဝန်ခံများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -

**ဦးမျိုးမင်းထိုက်**

**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း**

MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ FDA အသိအမှတ်ပြုလက်မှတ်ရရှိပြီးသား ဆီလုပ်ငန်းရှင်တွေအားလုံး လာရောက်ခင်းကျင်းပြသရောင်းချလျက်ရှိပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ နိုင်ငံခြားသွင်းကုန်ကို အစားထိုးနိုင်ဖို့၊ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့၊ စားသုံးသူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်နေသလို ဆီလုပ်ငန်းရှင်တွေ လုပ်ငန်းအဆင်ပြေစေဖို့ အားလုံးနဲ့အတူ ပူးပေါင်းဆောင်ရွက်နေပါတယ်။

နိုင်ငံတော်ကနေ ပံ့ပိုးကူညီပေးတဲ့ချေးငွေလည်း ကျွန်တော်တို့ ဆီစက်ပိုင်ရှင်တွေ ရရှိပါတယ်။ စိုက်ပျိုးတောင်သူတွေလည်း ရရှိကြတယ်။ စိုက်ပျိုးတဲ့အဖွဲ့က ဆီထွက်သီးနှံတွေတိုးပြီး စိုက်မယ်ဆိုရင် ကျွန်တော်တို့ ဆီစက်ပိုင်ရှင်တွေအတွက် ကြိတ်ခွဲမှုတွေ ပိုရလာမယ်၊ ပြည်တွင်းမှာပဲထုတ်လုပ်ပြီး ပြည်တွင်းကဆီကို စားသုံးမယ်ဆိုရင် နိုင်ငံခြားငွေလျှော့ချတဲ့အပိုင်းကို ဆောင်ရွက်နိုင်မယ်၊ တစ်ဖက်ကလည်း လုပ်ငန်းအခွင့်အလမ်းတွေ ရရှိလာမယ်။

ဒီလို ကျွန်တော်တို့ဆီလုပ်ငန်းကဏ္ဍက ပြည်ပသွင်းကုန်အစားထိုးနိုင်ဖို့အတွက် မဖြစ်မနေကြိုးစားရမယ့်အပိုင်းမှာ ပါဝင်နေပါတယ်။ ဒါကြောင့် တောင်သူတွေ၊ ထုတ်လုပ်သူတွေအားလုံးက ပူးပေါင်းပါဝင်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေအနေနဲ့ ကျွန်တော်တို့ကို လမ်းညွှန်စီမံပေးမယ်ဆိုရင် တောင်သူ၊ စက်ပိုင်နဲ့ စားသုံးသူတွေအကြား အချိတ်အဆက်အားကောင်းပြီး လုပ်ငန်းဆောင်ရွက်ဖို့ ပိုပြီးလွယ်ကူမယ်ထင်ပါတယ်။

စားသုံးသူတွေကိုလည်း ကျွန်တော်တို့ နိုင်ငံကထွက်တဲ့ စားသုံးဆီကို သုံးစွဲရင်း နိုင်ငံရဲ့စီးပွားရေးလည်ပတ်မှုယန္တရားကို တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနိုင်မှာမို့ ပြည်တွင်းစားသုံးဆီကိုပဲ စားသုံးပေးပါ၊ ပူးပေါင်းဆောင်ရွက်ပေးပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်ခင်မေသွင်**

**မန်နေဂျာ၊ အမရရွှေပြည်ရက်ကန်း**

ကျွန်မတို့အနေနဲ့ အာဆီယံပွဲတွေမှာ သွားရောက်ပြီး ပြသရောင်းချခဲ့တယ်။ အောင်မြင်မှုလည်း ရခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို သုံးစွဲတဲ့သူတွေက သဘောကျကြပါတယ်။ အရင်ကတော့ UMFCCI က ပြုလုပ်တဲ့ပွဲတွေမှာ ပြသခဲ့ဖူးပါတယ်။ MSME ခေါင်းစဉ်အောက်ကနေ ပြသတာကတော့ အခုက ပထမဦးဆုံးပါပဲ။ အခုပွဲမှာ တက်ရောက်ပြသခွင့်ရတဲ့အတွက် လုပ်ငန်းရှင်တော်တော်များများနဲ့ အချိတ်အဆက်ရတယ်။ လုပ်ငန်းရှင်တွေကလည်း သူတို့ရဲ့ဆိုင်တွေမှာ ရောင်းချင်လို့ လာရောက်ပြီး ချိတ်ဆက်ကြတယ်။ ကုမ္ပဏီတွေကလည်း သူတို့ရဲ့ ဝန်ထမ်းတွေအတွက် ချိတ်ဆက်ဝယ်ယူကြပါတယ်။ ဒါကြောင့် အဆင်ပြေပါတယ်။

ကျွန်မတို့ဆီမှာ ချည်ထည်နဲ့ ပတ်သက်ပြီး ဒီဇိုင်းအစုံရှိပါတယ်။ အထည်အမျိုးအစားပေါင်း ၅၀ ကျော် ရှိပါတယ်။ ဖွင့်ပွဲနေ့ကတော့ သိန်း ၁၅၀ ဖိုးလောက် ရောင်းရတယ်။ ပြပွဲတစ်ရက်ကို ခန့်မှန်းသိန်း ၅၀ ဖိုးလောက် ရောင်းရပါတယ်။ တချို့ကတော့ ဝင်လေ့လာကြပြီး အရည်အသွေးကို သဘောကျလို့ ဝယ်ယူကြပါတယ်။ နေပြည်တော်က ဆိုင်တချို့လည်း လာရောက်ချိတ်ဆက်မှုတွေရှိပါတယ်။ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ငွေကြေးအားဖြင့်၊ ဈေးကွက်အားဖြင့် အကျိုးအမြတ်အများကြီးရခဲ့တဲ့ ပြပွဲဖြစ်ပါတယ်။ ကျွန်မတို့ ချည်ထည်တွေကို ပေးရတဲ့ဈေးနဲ့ အဆင်ပြေအောင်ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး Promotion အစီအစဉ်တွေလည်း ရှိပါတယ်။ ပြီးတော့ ပြပွဲမှာ ရက်ကန်းရက်တဲ့လုပ်ငန်းစဉ်ကို ပြသပေးထားပါတယ်။ ရက်ကန်းကို မမြင်ဖူးတဲ့သူတွေ ရှိပါတယ်။ မြန်မာ့ရိုးရာရက်ကန်းပညာကို အားလုံးကို သိစေချင်တာမို့ ပြသတာပါ။ လာရောက်လေ့လာပြီး ဝယ်ယူကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းလွင်**

**ထွဏ်း ဝါးလက်မှုလုပ်ငန်း**

ကျွန်တော်တို့လုပ်ငန်းက ထုတ်ကုန်တွေ ဌာနဆိုင်ရာတွေနဲ့ ဒေသခံတွေက အများကြီးဝယ်ယူအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝယ်ယူတဲ့သူတွေက ထုတ်ကုန်အသစ်တွေ၊ ဒီဇိုင်းအသစ်တွေ ထုတ်ဖို့အတွက်လည်း အကြံဉာဏ်တွေပေးကြတယ်၊ အဲဒီလို အကြံဉာဏ်တွေပေးတော့ ပိုပြီး အားရှိပါတယ်၊ အကြံဉာဏ်တွေပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ဖို့အတွက် ချေးငွေရရှိဖို့ ဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ထားတယ်။ ချေးငွေရဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့လို အသေးစားလက်မှုလုပ်ငန်းတွေအနေနဲ့ လုပ်ငန်းတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါမှာ ကုန်ကြမ်းရှားပါးမှုအခက်အခဲရှိတယ်။ ကျွန်တော်တို့ လုပ်ငန်းမှာဆိုရင် အဓိကကုန်ကြမ်းဖြစ်တဲ့ ဝါး ရှားပါးမှုပါ။ လိုချင်တဲ့ ဝါးသက်တမ်း၊ ပြည့်မီတဲ့ ဝါးအရည်အသွေး မရတဲ့အတွက် ရှိတဲ့ဝါးနဲ့ ကြိုးစားပြီးတော့ ကျွန်တော်တို့ထုတ်ကုန်ကို အကောင်းဆုံးဖြစ်အောင် ထုတ်လုပ်နေရပါတယ်။ ဒီလို လိုအပ်ချက်တွေအတွက် ဒီပြပွဲက အများကြီးအထောက်အကူပြုပေးပါတယ်။ ပြပွဲကနေ ကျွန်တော့်ထုတ်ကုန်တွေကို လူအများကြီး သိရှိနိုင်အောင်ဆောင်ရွက်ခွင့်ရခဲ့တယ်၊ ထပ်ပြီး ဘယ်လိုတိုးချဲ့လုပ်ကိုင်ရမယ်ဆိုတဲ့ အကြံဉာဏ်လည်း ရခဲ့တယ်။

**ဒေါ်ကျင်ဇနဲမ်**

**ရက်ကန်းလုပ်ငန်းရှင်၊ ချင်းပြည်နယ်ကိုယ်စားပြုပြခန်း**

ပြပွဲကိုလာရောက်လေ့လာကြတဲ့သူတွေက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြတယ်။ တော်တော်များများ လာကြည့်ကြပြီး သိရှိလိုတာကို မေးမြန်းကြတယ်။ ပပျောက်လုနီးနီးဖြစ်နေတဲ့ ရိုးရာတစ်ခုကို အများပြည်သူ သိရှိအောင် ပါဝင်ပြသခွင့်ရတဲ့အတွက်လည်း အားရမိပါတယ်။ ရိုးရာဂျပ်ခုတ်လုပ်ငန်းက လက်မှုလုပ်ငန်းဖြစ်တဲ့အတွက် ဖန်တီးရတာ နှေးတယ်။ ဝါစေ့ချွေတဲ့စက်ရှိမယ်၊ ချည်မျှင်လုပ်တဲ့ စက်ရှိမယ်၊ စက်ကိရိယာသုံးနိုင်မယ်ဆိုရင် ပိုပြီးကျယ်ပြန့်မယ်။ ဒီအတွက် ပြုပြင်လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။

ဒါမှလည်း ရိုးရာရက်ကန်းကို မပျောက်ကွယ်အောင် ထိန်းသိမ်းနိုင်မှာပါ။ ဒါကြောင့် ရိုးရာရက်ကန်းကို လူသိများအောင်၊ အခွင့်အလမ်းတွေ ဖန်တီးနိုင်အောင် လာရောက်ပြသတာဖြစ်ပါတယ်။ ပြီးတော့ ကျွန်မတို့ ပြည်နယ်တစ်ခုတည်းအတွက်မဟုတ်ဘဲ တစ်ပြည်လုံးကို ပျံ့နှံ့သိရှိအောင် သင်တန်းတွေလည်းပေးပါတယ်။ ဒါမှ စိတ်ဝင်စားတဲ့လူရှိရင် လုပ်ငန်းလုပ်ကိုင်ပြီး တိုးတက်စေချင်တယ်။ အဲဒီလိုမျိုး လုပ်ကိုင်နိုင်ဖို့ နိုင်ငံတော်ရဲ့ အကူအညီအထောက်အပံ့လည်း မျှော်လင့်ပါတယ်။ ကျွန်မတို့ဘက်ကနေ တတ်နိုင်သလောက် ထုတ်လုပ်မှုတိုးတက်အောင် အကောင်းဆုံး ကြိုးစားဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်မတို့လုပ်ငန်းကို ပြည်သူတွေအများကြီး အခုလိုသိရှိစေနိုင်ဖို့က ကျွန်မတို့ တစ်ပိုင်တစ်နိုင် လုပ်ငန်းအားနဲ့ မလွယ်ပါဘူး။ ဒါကြောင့် အခုလိုပြပွဲကြီးကို လာရောက်ပါဝင်ပြသခွင့်ရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးမျိုးလွင်**

**ရှမ်းပြည်နယ်ကိုယ်စားပြု ပြခန်းတာဝန်ခံ**

ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်းမှာ ပစ္စည်းအရေအတွက် ၂၅၇၀၀၀ နဲ့ ပါဝင်ပြသထားပါတယ်။ ကျွန်တော်တို့ ပြခန်းမှာ အာလူးခြောက်၊ အာလူးကြော်နဲ့ ကော်ဖီထုတ်ကုန်တွေဆိုရင် ရောင်းအားကောင်းတဲ့အတွက် အကုန်ကုန်သွားပါပြီ။ ကုန်သွားတဲ့အတွက် တောင်ကြီးကနေ ထပ်မံမှာယူဖြည့်တင်းပြီး ရောင်းချလျက်ရှိပါတယ်။ ရှမ်းပြည်နယ်ရဲ့ ဒေသအသီးသီးက ထွက်ရှိတဲ့ လက်ဖက်စိုနဲ့ လက်ဖက်ခြောက်တွေလည်း ရောင်းလို့ကုန်သွားတဲ့အတွက် ထပ်မံမှာယူပြီးတော့ ဖြည့်တင်းရောင်းချပေးနေတာပါ။ လုပ်ငန်းရှင်တွေအတွက် အကျိုးရှိတဲ့ပြပွဲကြီးပါ။ ဒီပြပွဲကနေ MSME လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်တယ်၊ ပြပွဲရက် တိုးထားတဲ့အတွက် ကျန်တဲ့ပြပွဲရက်မှာလည်း လာရောက်လေ့လာကြည့်ရှုပြီး အားပေးဝယ်ယူကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင့်လွင်**

**ရခိုင်ပြည်နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ပင်လယ်ရေထွက်ကုန်ပစ္စည်း အင်မတန်ပေါများတဲ့ ပြည်နယ်ပါ။ ဒါကြောင့် ရေထွက်ကုန် အခြေခံတဲ့ ငါးပိ၊ ငါးခြောက်လုပ်ငန်းတွေက အသေးစားလုပ်ငန်းကစပြီး အကြီးစားအထိ အများကြီးလုပ်ကိုင်ကြတယ်။ ဒီနှစ်မှာ ရခိုင်ဒေသကထွက် ထုတ်ကုန်ပစ္စည်းတွေကို ကုန်ခြောက်ပြသလို ငါးအစိမ်း၊ ပုစွန်အစိမ်းတွေကိုလည်း ပြသရောင်းချပေးပါတယ်။ အခုပြပွဲမှာ ပင်လယ်ငါးသလောက်က ရောင်းအားအကောင်းဆုံးဖြစ်ပြီး လူကြိုက်အများဆုံးပါ။ ကင်းမွန်၊ ပြည်ကြီးငါး၊ ရေဘဝဲနဲ့ ငါးပုတ်သင်တွေလည်း လူကြိုက်များတယ်။ ပြည်နယ်ထွက် ငါးမုန့်ကလည်း နာမည်ကြီးပြီး လူကြိုက်များတယ်။ ရိုးရိုးပြုံး ငါးမုန့်ဆိုရင် ထင်ရှားကျော်ကြားတဲ့ ငါးမုန့်လုပ်ငန်းဖြစ်ပါတယ်။ အနံ့အရသာနဲ့ပြည့်စုံတဲ့ ဒေသထွက်ကုန်ပစ္စည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသကိုလာပြီး ပြန်တဲ့အခါ တန်ဖိုးနည်းသည်ဖြစ်စေ၊ တန်ဖိုးများသည်ဖြစ်စေ ဒီငါးမုန့်ကို အမှတ်တရလက်ဆောင်အဖြစ် ယူသွားချင်ကြတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ထွက် ထုတ်ကုန်တွေကို လာရောက်ကြည့်ရှုလေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**သန်းအေးကျော်**

**ဓာတ်ပုံ-အောင်ပြည့်စုံ**

# မော်လမြိုင်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၂**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့်သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။



အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲက ကွင်းအတွင်းသို့ ချီတက်နေရာယူ၍ ပြည်နယ်ဝန်ကြီးချုပ်ကို အလေးပြုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီးနောက် ဂုဏ်ပြုတပ်ခွဲက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ယင်းနောက် မော်လမြိုင်မြို့ရှိ တောင်ဝိုင်းဘိုးဘွားရိပ်သာ၏ (၆၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အဆိုပါ ဘိုးဘွားရိပ်သာဓမ္မာရုံ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ အလှူရှင်များက တောင်ဝိုင်းဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၄၆ ဦးအား ဂါရဝပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်နှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား တက်ရောက်ကြသည်။

ဦးစွာ အမျိုးသား(၂)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆုပေးပွဲဆက်လက်ကျင်းပရာ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အမျိုးသား(၂)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား(၂)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပဲခူးမြို့၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် အားကစားပြိုင်ပွဲ၊ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချို့နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး အလံတင် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော် အလံအားတိုင်ထိပ်သို့ လွှင့်တင်၍ အလေးပြုကြသည်။



ထို့နောက် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားများ တက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမတို့၌ ကျင်းပသည့်(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားပြိုင်ပွဲအသီးသီးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဒိုင်အဖွဲ့နှင့်နည်းပြအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေနှင့် အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တစ်ဦးချင်း ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယ ဆုရှိသူများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အမျိုးသားလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘက်စကတ်ဘောပြိုင်ပွဲ၊ အလွတ်တန်းနှင့် အသက် (၁၈)နှစ်အောက် စစ်တုရင်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများအား ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူ တင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၂၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့တွင်ကျရောက်သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက် လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှပေးပို့သော (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များက အသီးသီးဖတ်ကြားကြသည်။





ထို့နောက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဆိုင်းဘုတ်ဖွင့်ပွဲများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ပြပွဲများ၊ ဈေးရောင်းပွဲတော်များ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာ အသိပညာပေးပြခန်းများနှင့်ပုဂ္ဂလိကပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ဆုများ သီးသီးပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို အဆိုပါကွင်း၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီစည်သူ ဦးတင်မောင်ဝင်းနှင့် တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲသို့တက်ရောက်၍ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူးဆယ်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုရရှိသည့်အသင်းများအားတစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပပြုလုပ်မည့် ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာကွင်းသို့ သွားရောက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် သာပေါင်းမြို့နယ် သဲဖြူကျေးရွာ တောင်သူဒေါ်ရင်လှ၏ စိုက်ကေ ၂၀ တွင် စိုက်ပျိုးထားသည့် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းနေကြာ (စံပြစိုက်ခင်း)Super Sun-41 နေကြာမျိုးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး နေကြာစိုက်ခင်းတွင် ပိုးမွှားများမကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်၊ မြေဩဇာကျွေးခြင်းလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။



ထို့ပြင် ယမန်နေ့ ညနေပိုင်းကလည်း (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများဖွင့်ပွဲကို ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဖြစ် ပြခန်းစုစုပေါင်း ၃၅ ခန်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရပ်စောက်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ် လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရဿဝတီခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်က ဖတ်ကြားသည်။ ထို့နောက် ရှမ်းပြည်နယ်အဆင့်ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲအသီးသီးတို့တွင် ဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ယှဉ်ပြိုင်ကစားစဉ်။ မြို့နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့များ၊ တိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံကို တိုင်ထိပ်သို့လွှင့်တင်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး တိုင်းမှူးနှင့်အတူ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ Northern Star Golf Club ၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ပြီး Smoke Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှုအဖြစ် Zumba Festival စုပေါင်းအကပြိုင်ပွဲ ကျင်းပနေမှုကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာဖူဆယ်အားကစားရုံ၌ သယံဇာတရေးရာဝန်ကြီးဌာနနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးအလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းသာယာအားကစားရပ်ဝန်းအတွင်း၌ ရိုးရာခြင်းလုံးပြိုင်ပွဲကိုလည်းကောင်း၊ ဘောလုံးကွင်းအတွင်း၌ ခေါင်းအုံးရိုက်၊ အာလူးကောက်၊ ဂုံနီအိတ်စွပ်အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ ဘောလုံးပစ် ဖမ်းပြိုင်ပွဲများကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာဘက်စုံသုံးအားကစားရုံ သုံးထပ်ဆောင်၌ အလွတ်တန်းဘိလိယက်နှင့် စနူကာပြိုင်ပွဲကိုလည်းကောင်း၊ ရောရပ်ကွက်အတွင်းရှိ မနောရော ရေကူးကန်၌ အသက်အရွယ်အလိုက် ရေကူးပြိုင်ပွဲများနှင့် ရေကူးသရုပ်ပြပွဲများကိုလည်းကောင်း၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ



**ဟိုပုံး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကိုကျင်းပရာ စစ်ရေးဂုဏ်ပြုတပ်ခွဲမှ တပ်ခွဲမှူးဦးဆောင်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက အကများဖြင့် ကပြဖျော်ဖြေကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့က ဂုဏ်ပြုတပ်ခွဲ၊ ဘင်ခရာအဖွဲ့နှင့် ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ပြိုင်ပွဲမှာလည်း ပြိုင်ပွဲအမျိုးအစားပေါင်း ၂၄ မျိုး ပါဝင်ပါတယ်။ ပြပွဲကို တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေရော ပြည်သူတွေရော လာကြတဲ့အတွက် ပိုမိုလေ့လာခွင့်ရရှိပြီး ဗဟုသုတလည်း အများကြီးရရှိကြမှာဖြစ်ပါတယ်။ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ပြသသွားမှာဖြစ်တဲ့အတွက် လည်ပတ်ရင်း သစ်ပင်တွေကိုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ဒီပွဲကြီးဟာ တစ်နှစ်မှာ တစ်ကြိမ်ပဲပြသတဲ့ပွဲလည်း ဖြစ်ပါတယ်။ နောက်ပြီး တကယ့်အကောင်းဆုံး သစ်သီးဝလံတွေကို ရွေးချယ်ပြသတဲ့အတွက် အားလုံး လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

ထို့ပြင် ပြပွဲ၌ ဌာနဆိုင်ရာပြခန်း ၁၈ ခန်းနှင့်အတူ အရောင်းပြခန်းများနှင့် ပျိုးပင်အရောင်းဆိုင်တို့လည်း ပါဝင်ခင်းကျင်းပြသခဲ့ပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်ကြသည့် ပြည်သူများကိုလည်း ပျိုးပင်များ လက်ဆောင်ပေးခဲ့သည့်အပြင် သစ်သီး၊ ဝလံ၊ ပန်းမန်ကိုယ်စားပြုပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီး သုံးခုနှင့်တွဲဖက်၍ အလှဓာတ်ပုံရိုက်ကူးကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

အလားတူ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များလည်း များပြားခဲ့သည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုသည့် မငြိမ်းစန်းလွင်က “ ဒီပြပွဲကို မိသားစုလိုက်လာရောက်လေ့လာ လည်ပတ်ကြတာဖြစ်ပါတယ်။ ပြပွဲမှာ သစ်သီးနဲ့ ပန်းတွေကိုတွေ့ခဲ့ရပါတယ်။ ပန်းပင်တွေလည်း ဝယ်ယူထားပါတယ်။ ပြခန်းတွေလည်း တော်တော်လေး စုံလင်တာတွေ့ရပါတယ်။ သစ်သီးတွေကလည်း အလွန်ကြီးတော့ အံ့ဩမိပါတယ်။ ဗဟုသုတလည်း ရရှိပါတယ်။ ဒီပြပွဲကို လာရောက်ကြည့်ရှုပြီး သစ်ပင်၊ ပန်းပင်တွေစိုက်ပျိုးချင်စိတ်လည်း ဖြစ်မိပါတယ်။ ကလေးတွေနဲ့ အလှဓာတ်ပုံတွေလည်း ရိုက်ခဲ့ပါတယ်။ ဒါကြောင့် ဒီလိုပြပွဲတွေလုပ်ပေးတာ အလွန်ကောင်းပါတယ်။ ပြပွဲမှာ ခင်းကျင်းပြသမှုတွေက အလွန်လှတဲ့အတွက် လာရောက်လေ့လာကြည့်ရှုကြဖို့ ဖိတ်ခေါ်လိုပါတယ်”ဟု ပြောသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ဦးရှင်းသန့်အောင်က“ကျွန်တော်က ပြင်ဦးလွင်မြို့ကနေ လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့် ခြံရဲ့ နာမည်ကတော့ ရှင်းသန့် သစ်ခွခြံဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲဝင် အမျိုးအစားပေါင်း ၁၉ မျိုးမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၅ မျိုးမှာ ဆုရရှိထားပါတယ်။ အဓိကအနေနဲ့ သစ်ခွပန်းကိုပဲ အဓိကထားယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲမတိုင်မီမှာလည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ တံခွန်စိုက် ဒိုင်းဆုလည်းရရှိခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ အခုလိုပြိုင်ပွဲတွေပြုလုပ်ပေးတဲ့အတွက် ကြိုးစားချင်စိတ်တွေ ဖြစ်မိပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်” ဟု ပြောသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများကျင်းပနေစဉ်အတွင်း တေးဂီတအဖွဲ့များ၏ တီးခတ်သီဆိုဖျော်ဖြေရေးအစီအစဉ်များအပြင် ပြည်သူများ စိတ်လက်ပျော်ပါးစေမည့် အခြားအစီအစဉ်ကောင်းများလည်း ထည့်သွင်းထားသည့်အတွက် မည်သူမဆို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ လွတ်လပ်စွာ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❍ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် ဆန်းဒါးလန်းအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မိနစ် ၆၀ အထိ သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၆၁ မိနစ်တွင် ဆာလာ၏ ဖန်တီးမှုကို ခံစစ်ကစားသမား ဗန်ဒိုက်က ခေါင်းတိုက်သွင်းယူ အဆုံးသတ်ပေးခဲ့သည်။

ထို့နောက် ဆန်းဒါးလန်းအသင်းသည် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်ကာ ချေပဂိုးရရှိရေး အာရုံစိုက်ကစားလာသော်လည်း လီဗာပူးအသင်းခံစစ်နှင့် ဂိုးသမား အဲလစ်ဆင်တို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် အခက်တွေ့ခဲ့ရသည်။ နှစ်သင်းစလုံးလူစားပြောင်းလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် လီဗာပူးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနိုင်ပွဲကြောင့် ဆန်းဒါးလန်းအသင်းအိမ်ကွင်းတွင် ပထမဆုံးနိုင်ပွဲရရှိသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဆန်းဒါးလန်းအသင်းသည် ယခုရှုံးပွဲကြောင့် ပရီမီယာလိဂ်ရှုံးပွဲ ရှစ်ပွဲရှိလာပြီ ဖြစ်သည်။

အဓောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ရလဒ်များတွင် အက်စ်တွန်ဗီလာက ဘရိုက်တန်ကို တစ်ဂိုး–ဂိုးမရှိ၊ မန်စီးတီးက ဖူလ်ဟမ်ကို သုံးဂိုး–ဂိုးမရှိ၊ ဘန်လေက ခရစ္စတယ်ပဲလေ့စ်ကို အကြိတ်အနယ် ကစားပြီး သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်နှင့် ဝုဖ်အသင်းပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ်က ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးမရှိ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

**အောင်ဇော်**




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မြစ်ကြီးနားလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်မှုအား ဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအား တွေ့မြင်ရစဉ်။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မြစ်ကြီးနားလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ။

❊ *ကျောဖုံးမှ*

ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပန်းမတီးရပ်ကွက်ရှိ မြစ်ကြီးနားလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone များအသုံးပြု၍ တိုက်ခိုက်ခဲ့ရာ လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ပြီး အဆိုပါ Drone ယာဉ်များအား လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လေဆိပ်အတွင်း ကျရောက်ပေါက်ကွဲခြင်းမရှိဘဲ လေယာဉ်ပြေးလမ်းနှင့် အနီးဝန်းကျင်နေရာများတွင်သာ မြေပြင်ပေါ်သို့ပျက်ကျခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် Drone ယာဉ်များတွင် ပါရှိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား စနစ်တကျ သက်မဲ့ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် လူ၊ အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုသောလေကြောင်းပို့ဆောင်ရေးဖြစ်သည့် လေယာဉ်ကွင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။ ထို့ကြောင့် ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များအား ရက်စက်ယုတ်မာစွာ ဆောင်ရွက်ခဲ့ကြသည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက မြစ်ကြီးနားလေဆိပ်နှင့် အနီးဝန်းကျင်နေရာများသို့ FPV Suicide Drone များဖြင့် တိုက်ခိုက်မှုအား ဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအား တွေ့မြင်ရစဉ်။

## အမျိုးသမီးကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အမျိုးသမီးကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၂)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် Online ကျွဲဂိမ်းကစားခဲ့ရာမှ ငွေကျပ်သိန်း ၃၀ အကြွေးတင်ခဲ့သဖြင့် မိခင်၏နေအိမ်အား ပေါင်နှံ၍ အကြွေးဆပ်ခဲ့ရာ ခြောက်လကြာချိန်ထိ အကြွေးပြန်မဆပ်နိုင်သေးသဖြင့် နေအိမ်အပေါင်ဆုံးတော့မည်ဖြစ်၍ အလုပ်ရှာဖွေရာ မူဆယ်မြို့တွင်နေထိုင်သည့် မချိုမာစိန် (ခ)မဗိုက်၊ မဇင်နွယ်လတ် (ခ)မဇင်တို့နှင့် ချိတ်ဆက်မိပြီး တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၈၀ ရရှိမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ရမည်ဟု ပြောဆိုစည်းရုံး၍ မူဆယ်မြို့သို့လာရောက်ရန် လမ်းခရီးစရိတ်များထုတ်ပေး၍ ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

မူဆယ်မြို့သို့ရောက်သောအခါ ၎င်းအမျိုးသမီးကို ဓာတ်ပုံ/ဗီဒီယိုများရိုက်ကူး၍ တရုတ်နိုင်ငံ ရွှေလီမြို့နေ ပွဲစား ဂျာဆိုင်(ခ)ကချင်မ ထံ ပို့ပေးခဲ့ပြီး မူဆယ်မြို့ ဗဟိုဆေးရုံတွင်ဆေးစစ်ပေးခဲ့ရာ ၎င်းအမျိုးသမီးသည် တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက တရုတ်ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးခံရမည်ကိုကြောက်လန့်ကြောင်း မချိုမာစိန် (ခ)မဗိုက် ကိုပြောခဲ့ရာ တရုတ်ယောကျ်ားမယူပါက လမ်းခရီးကုန်ကျစရိတ်များ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ ရွှေလီမြို့နေ ပွဲစား ဂျာဆိုင်(ခ) ကချင်မ ထံ ပို့ဆောင်ရန်စီစဉ်ပြီးဖြစ်ကြောင်း ပြန်ပြောသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ Hot Line ဖုန်းနံပါတ်သို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၇)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မူဆယ်မြို့မရဲစခန်း (ပ)၁၉၂/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မချိုမာစိန်(ခ)မဗိုက်နှင့် မဇင်နွယ်လတ်(ခ)မဇင် တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဂျာဆိုင်(ခ)ကချင်မ ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့် ရေယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူး ပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်နှင့် ၈ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၉၁၄ တန်၊ အခြားသစ် ၁၀၅ ဒသမ ၃၂၃ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၆၂၅၁၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် တောင်ငူမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၁၁၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၄၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ထန်းတပင်မြို့နယ် မင်းထက်မင်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ(ID)ပါဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀၅ မျိုး၊ လျှပ်စစ်ပစ္စည်း ၆၁ မျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၉၂၃၈၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ MV. Yadanar Win-3 ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၃၉၂၃၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့နယ် ခိုဆန်တန်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၅၅၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၅၁၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် လှိုင်သာယာမြို့နယ် မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၁ မျိုး၊ လျှပ်စစ်ပစ္စည်း ၂၁ မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လျှပ်စစ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၂၄၀၈၂၅)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ MV.Zwe Myint Myat Tun-11 ရေယာဉ် တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၄၀၃၂၂၃)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၄၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၁၆၈၀၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဖေဖော်ဝါရီ ၅ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၉၅၄၄၈၄၈) ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် အဆိုပါ တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုမီဒီယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုများနှင့် အထူးလိမ်လည်မှုများကြောင့် ဂျပန်နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုပမာဏ စံချိန်တင်မြင့်တက်



**တိုကျို ဖေဖော်ဝါရီ ၁၂**

အထူးလိမ်လည်မှုများကြောင့် နိုင်ငံတစ်ဝန်းပျက်စီးဆုံးရှုံးမှုပမာဏသည် ယန်း ၁၄၁ ဒသမ ၄ ဘီလီယံ အမေရိကန်ဒေါ်လာ ၉၂၈ ဖြင့် လွန်ခဲ့သောနှစ်က စံချိန်တင်မြင့်မားခဲ့သည်ဟု ဂျပန်ရဲတပ်ဖွဲ့က ပြောသည်။

ဂျပန်အမျိုးသားရဲတပ်ဖွဲ့က ထုတ်ပြန်လိုက်သော ကနဦးစာရင်းဇယားများအရ ၂၀၂၄ ခုနှစ် ဆုံးရှုံးမှုပမာဏ၏ နှစ်ဆနီးပါးဖြစ်ကြောင်း သိရသည်။

ရာထူးအာဏာရှိသူများ သို့မဟုတ် မိသားစုဝင်များအဖြစ် ဟန်ဆောင်ထားသောလူလိမ်များက ဖုန်း သို့မဟုတ် တခြားနည်းလမ်းများမှတစ်ဆင့် လိမ်လည်ဖြားယောင်းမှုပြုလုပ်သော လိမ်လည်မှုများကို အထူးလိမ်လည်မှုများအဖြစ် ရည်ညွှန်းဖော်ပြသည်။

အထူးလိမ်လည်မှုများတွင် ရဲတပ်ဖွဲ့ဝင်များအဖြစ် ဟန်ဆောင်လိမ်ညာသော လိမ်လည်မှုပေါင်း ၇၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။ အဆိုပါလိမ်လည်မှုများသည် နိုင်ငံတစ်ဝန်း ဆုံးရှုံးမှုပမာဏ ယန်း ၉၈ ဒသမ ၅ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၄၆ သန်းရှိပြီး လွန်ခဲ့သောနှစ်ထက် စံချိန်တင်မြင့်မားခဲ့သည်။

အသက် ၂၀ မှ ၄၀ နှစ်ကြားရှိ လူများသည် ရဲအယောင်ဆောင် လိမ်လည်ခံရသူများ၏ ၅၁ ရာခိုင်နှုန်းရှိသည်။

အသက် ၇၀ ဝန်းကျင်လူများကြားတွင် လိမ်လည်လှည့်ဖြားမှုပမာဏမှာ ယန်း ၁၇ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၁၂၀၀၀ ခန့်ဖြစ်သည်။ အသက် ၆၀ ဝန်းကျင် လူများကြားတွင် ယန်း ၁၆ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၀၅၀၀၀ ခန့် ဖြစ်သည်။

အထူးလိမ်လည်မှုများသာမက လူမှုမီဒီယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိမ်လည်မှုများနှင့် အချစ်ရေးလိမ်လည်မှုများကြောင့် နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုပမာဏမှာ ယခင်ကထက် တိုးလာခဲ့သည်။

အဆိုပါအခြေအနေမှာ စိုးရိမ်ရသည့်အခြေအနေဖြစ်လာသောကြောင့် ပုံစံအမျိုးမျိုးဖြင့် ပြည်သူလူထုကြားစိမ့်ဝင်ပျံ့နှံ့လာသော လိမ်လည်မှုများကို အရေးပေါ် နှိမ်နင်းတိုက်ဖျက်ရန် လိုအပ်လာပြီဟု ရဲတပ်ဖွဲ့က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ကယ်လီဖိုးနီးယားပြည်နယ်၌ ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် ဝက်သက်ရောဂါ ကူးစက်မှုဖြစ်ပွား

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၂**

ကယ်လီဖိုးနီးယား ပြည်နယ်၌ ဖေဖော်ဝါရီ ၁၁ ရက်က ဝက်သက်ရောဂါ ကူးစက်မှုတွေ့ရှိခဲ့ပြီး ပြည်နယ်မြောက်ပိုင်း ရှာစတာခရိုင်တွင် ကြီးမားသည့် အစုလိုက် ကူးစက်မှုတွေ့ရှိခဲ့သည်ဟု သိရသည်။ ကယ်လီဖိုးနီးယားပြည်နယ်သည် ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဝက်သက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်နေရသည်။



ရှာစတာခရိုင်တွင် တွေ့ရှိရသည့် ဝက်သက်ရောဂါကူးစက်မှု ရှစ်ခုအပါအဝင် ပြည်နယ်တစ်ဝန်း ဝက်သက်ရောဂါ ကူးစက်ခံရမှုပေါင်း ၁၇ ခုကို အတည်ပြုနိုင်ခဲ့သည်ဟု ကယ်လီဖိုးနီးယားပြည်သူ့ကျန်းမာရေးဌာနက အတည်ပြုခဲ့သည်။

ရှာစတာခရိုင်တွင် တွေ့ရှိရသည့် ကူးစက်ခံရသူ ရှစ်ဦးစလုံးမှာ ကာကွယ်ဆေး မထိုးရသေးသူများ သို့မဟုတ် ကာကွယ်ဆေးထိုးပြီး၊ မပြီးမသိရသေးသူများဖြစ်သည်။ ထို့ကြောင့် ပြည်နယ်ကျန်းမာရေးတာဝန်ရှိသူများက ဒေသခံများကို ၎င်းတို့၏ကာကွယ်ဆေးထိုးထားမှုအခြေအနေကို စိစစ်အတည်ပြုကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

အမေရိကန် နိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆိုးရွားသည့် ဝက်သက်ရောဂါ ကူးစက်မှုအခြေအနေနှင့် တွေ့ကြုံနေရသည်။ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ဝက်သက်ရောဂါကူးစက်ခံရသူ ၂၂၇၆ ဦးတွေ့ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နိုင်ငံအတွင်း ဝက်သက်ရောဂါကင်းစင်သည်ဟု ကြေညာခဲ့သည့်အချိန်မှစတင်ကာ နှစ်စဉ် ကူးစက်မှုများအနက် အများဆုံး ပမာဏလည်း ဖြစ်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအနှံ့ အချက်အလက်များအရ ကူးစက်မှု၏ ၉၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး မထိုးရသေးသူများ သို့မဟုတ် ကာကွယ်ဆေးအခြေအနေကို မသိရသေးသူများဖြစ်သည်။ သုံးရာခိုင်နှုန်းမှာမူ ကာကွယ်ဆေးတစ်ကြိမ် ထိုးထားသူများဖြစ်သည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံတောင်ပိုင်း၌ မုန်တိုင်း နေးလ်ကြောင့် နေအိမ်ပေါင်း ၈၅၀၀၀၀ လျှပ်စစ်မီးပြတ်တောက်

**ပါရီ ဖေဖော်ဝါရီ ၁၂**

ပြင်သစ်နိုင်ငံတောင်ပိုင်း၌ မုန်တိုင်းနေးလ် ဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်ပေါင်း ၈၅၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှု ဒဏ်ခံစားခဲ့ရပြီး အချို့သောဒေသများတွင် ရာသီဥတုသတိပေးမှုအဆင့်ကို အမြင့်ဆုံးထားရှိခဲ့သည်ဟု အာဏာပိုင်များက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောသည်။

မုန်တိုင်းကြောင့် အိမ်ခြေ ၈၅၀၀၀၀ လျှပ်စစ်မီးပြတ်တောက်သွားကြောင်း ပြင်သစ်လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီ အန်နီဒစ်က ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ကြေညာခဲ့သည်။ လျှပ်စစ်မီးပြတ်တောက်မှုဒဏ်ခံစားရသည့် အိမ်ခြေ ၈၅၀၀၀၀ အနက် ၄၈၅၀၀၀ မှာ အနောက်တောင်ပိုင်းဒေသ နူဗယ်အက်ကွစ်တိန်းဒေသမှဖြစ်ပြီး အိမ်ခြေ ၃၁၈၀၀၀ မှာ အောက်ဆီတန်နီဒေသမှဖြစ်သည်။

အဆိုပါဒေသနှစ်ခုမှာ ဆိုးရွားသည့်ရာသီဥတုအခြေအနေနှင့် ကြုံတွေ့ရပြီး လျှပ်စစ်မီးပြတ်တောက်မှုဒဏ်ကို အများဆုံးခံစားခဲ့ရသည်။ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင်မူ ရာသီဥတုအခြေအနေ ပြေလျော့သွားမည်ဟု အမျိုးသားမိုးလေဝသဝန်ဆောင်မှုက ပြောသည်။

ပြင်သစ် ပြည်ထဲရေးဝန်ကြီး လောရင့် နူနီယက်ဇ်က ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင် မုန်တိုင်းကြောင့် သစ်ပင်လဲပြိုမှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု လူမှုကွန်ရက်မီဒီယာပေါ်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ပြောသည်။ ပြည်သူများအနေဖြင့်သတိထားကြရန်၊ ခရီးသွားလာမှုကို ကန့်သတ်ရန်နှင့် လုံခြုံရေးညွှန်ကြားမှုများကို တင်းကျပ်စွာလိုက်နာကြရန် ၎င်းကတိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်အာဏာပိုင်များသည် ဝေးလံသည့်ဒေသများအတွင်း ဆက်သွယ်ရေး မြှင့်တင်ရန် လမ်းစီမံကိန်းများ စတင်ဆောင်ရွက်

**ကဘူးလ် ဖေဖော်ဝါရီ ၁၂**

အာဖဂန်အာဏာပိုင်များသည် တောင်ပိုင်းပြည်နယ်အတွင်း ပြည်နယ်မြို့တော် ဥရုဇ်ဂန်နှင့် ဝေးလံသည့်ခရိုင်တစ်ခုကို ဆက်သွယ်ပေးသည့် လမ်းကို စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။

တီရင်ခေါ့မြို့နှင့် အစွန်အဖျား ခါးစ် ဥရုဇ်ဂန်ခရိုင်ကို ဆက်သွယ်ပေးသော ၂၅ ကီလိုမီတာရှိသည့် ယင်းလမ်းသည် အာဖဂန်နီ ၆၀၁ သန်းကျော် (အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းခန့်) ကုန်ကျမည်ဖြစ်ပြီး လပေါင်း ၂၆ လအတွင်း ပြီးစီးရန် စီစဉ်ထားကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာရှာရက်ဖ် ဟက်ရှီနစ်က ပြောကြားသည်။

အဆိုပါစီမံကိန်းသည် ပြည်နယ်အတွင်း ရာနှင့်ချီသည့် ဒေသခံများအတွက် အလုပ်အကိုင်များရရှိရန်နှင့် ထောင်ပေါင်းများစွာသော လူနေမှုဘဝများကို မြှင့်တင်ပေးရန် မျှော်မှန်းထားကြောင်း ဟက်ရှီနစ်က လူမှုကွန်ရက်မီဒီယာ X တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံ၌ အေးခဲသည့်ဆောင်းရာသီကြောင့် တိရစ္ဆာန် ၂၆၃၀၀ သေဆုံး



**အူလန်ဘာတာ ဖေဖော်ဝါရီ ၁၂**

ဇန်နဝါရီလအတွင်း မွန်ဂိုလီးယားနိုင်ငံ အလယ်ပိုင်းပြည်နယ် ယူဗာခန်းဂိုင်အပြင် အနောက်ပိုင်းပြည်နယ်များဖြစ်သည့် ယူဗီးစ်၊ ဘာယန်-အာဂီနှင့် ဇာဗ်ခန်းတို့၌ “Dzud” ဟု လူသိများသည့် အလွန်အေးသည့် ဆောင်းရာသီကြောင့် တိရစ္ဆာန်ပေါင်း ၂၆၃၀၀ ကျော်သေဆုံးကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းရုံး(အင်န်အက်စ်အို)က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

Dzud ရာသီဥတုအခြေအနေဆိုသည်မှာ မြေပြင်၌ အေးခဲပြီး နှင်းများဖြင့် ဖုံးလွှမ်းနေသောကြောင့် တိရစ္ဆာန်အရေအတွက်များစွာသေဆုံးသည့်အတွက်အလွန်အေးသောဆောင်းရာသီကို ဖော်ပြသည့် မွန်ဂိုလီးယားဝေါဟာရအသုံးအနှုန်း တစ်ခုဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ပြည်နယ် ၂၁ ခုအနက် ပြည်နယ် ၁၁ ခုထက်မနည်းတွင် Dzud ကို ကြုံတွေ့ခံစားရကြောင်း အင်န်အက်စ်အိုက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

တိရစ္ဆာန် မွေးမြူရေးသည် မွန်ဂိုလီးယားနိုင်ငံ စီးပွားရေး၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး နိုင်ငံ၏ အိမ်ခြေအတည်တကျမရှိသည့် လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်မှာ အဆိုပါ လုပ်ငန်းအပေါ် မှီခိုနေရကြောင်း သိရသည်။ သို့သော်လည်း ကြမ်းတမ်းပြီး ရှည်လျားသည့် ဆောင်းရာသီကြောင့် နိုင်ငံ၏ ရေကြည်ရာ မြက်နုရာသို့ လှည့်လည်သွားလာသည့် တိရစ္ဆာန်ထိန်းကျောင်းသူ အများစုမှာ နှစ်စဉ်တိရစ္ဆာန်များ ဆုံးရှုံးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နှစ်ကုန်တွင် မွန်ဂိုလီးယားနိုင်ငံ၌ တိရစ္ဆာန်ကောင်ရေ ၅၈ ဒသမ ၁ သန်းရှိကြောင်း အင်န်အက်စ်အိုက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# မုံရွာမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အရှေ့ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အလံတင်အခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်ကာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို အဆိုပါရင်ပြင်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားကာ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ပိုစတာများကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါရင်ပြင်၌ ကျင်းပပြုလုပ်သည့် WE LOVE MONYWA နှစ်ဖက်လှ ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး WE LOVE MONYWA နှစ်ဖက်လှ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချမ်းမြဝတီ ရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်၌ ကျင်းပသည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များ ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် မုံရွာမြို့ စက်မှုဇုန်မှ ထုတ်လုပ်သည့် လယ်ယာသုံး ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ဌာနဆိုင်ရာ ပြခန်းများ၊ ဈေးဆိုင်ခန်းများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသည့် ဒေသထွက်ကုန်များ၊ အဝတ်အထည်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များ၊ အိမ်သုံးအလှဆင်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာပစ္စည်းများ၊ တိုင်းရင်းဆေးများ၊ မွေးမြူရေး ထုတ်ကုန်အရောင်းပြခန်းများ၊ ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုပြခန်းများနှင့် စားသောက်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်" ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ၂၀၂၆ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်မည့် နှစ် (၈၀) ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရ အကယ်ဒမီဇာတ်ကားကောင်းများကို တစ်နေရာတည်းတွင် စုစည်းကြည့်ရှုနိုင်မည့် "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်ပွဲတော်"ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မိုးကောင်းလမ်းမရှိ မြဝတီမီဒီယာစင်တာ (Myawaddy Media Center)၏ စတားရုပ်ရှင်ရုံ(Star Cinema) ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများ၊ မြဝတီမီဒီယာစင်တာမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက "မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်" ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း၊ မြဝတီမီဒီယာစင်တာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြန်မာ့ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးရန်အောင်နှင့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိခဲ့ကြသူများက ရက်သတ္တပတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် မြဝတီမီဒီယာစင်တာ Outdoor LED ၌ ပြသသည့် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်ကြော်ငြာ Video Clip နှင့် Star Cinema ရုပ်ရှင်ရုံ၌ ပြသသည့် "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်"တွင် ပြသမည့် ၂၀၂၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကား Trailer များကို ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၇၂ ကားထဲမှ ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးရရှိခဲ့သည့် ဇာတ်ကားရှစ်ကားကို နှစ်ရက်လျှင် ဇာတ်ကားတစ်ကားနှုန်းဖြင့် နေ့စဉ်နံနက် ၁၀ နာရီနှင့် ညနေ ၆ နာရီတို့တွင် မြဝတီမီဒီယာစင်တာရှိ Star Cinema ရုပ်ရှင်ရုံ၌ ပြသသွားမည်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားသည်။

ထိုသို့ ၂၀၂၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရအကယ်ဒမီဇာတ်ကားများ ပြသရာတွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ "နှင်းပွင့်စေရာ" ဇာတ်ကား၊ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ "မြေစာ" ဇာတ်ကား၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ "မြေသံ" ဇာတ်ကား၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ "မြို့ပြထဲကလမ်းမ" ဇာတ်ကား၊ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ "မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်" ဇာတ်ကား၊ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ "မောင့်မိဖုရား" ဇာတ်ကား၊ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး"ဇာတ်ကား၊ ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ "နတ်ဝင်သည်" ဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဥယျာဉ်မြောက်ရပ်ကွက် လမ်းမတော်လမ်းရှိ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာအား ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဇော်မျိုးဝင်းက ဖတ်ကြားစဉ်။

ခရိုင်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီက (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲ ပြုလုပ်ရာ ပခုက္ကူပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်မော်ရီက ထမနဲထိုးပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အနေဒ်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ အသင်းစသည့်ပြိုင်ပွဲဝင်အသင်းအလိုက် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဘာမီသာ(ပခုက္ကူ)



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကျင်းပ

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အလံလွှင့်ထူခြင်းနှင့် အလေးပြုခြင်းအခမ်းအနားများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပခြင်းကို နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဥတ္တရသီရိမြို့နယ်

အောင်မျိုးဝင်း(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်

မြို့နယ်(ပြန်/ဆက်)



သီပေါမြို့နယ်

မြို့နယ်(ပြန်/ဆက်)



လယ်ဝေးမြို့နယ်

မြို့နယ်(ပြန်/ဆက်)



လောင်းလုံးမြို့နယ်

သိန်းသိန်း(လောင်းလုံး)



မိုင်းပန်မြို့နယ်

မြို့နယ်(ပြန်/ဆက်)



မိုင်းဖြတ်မြို့နယ်

မြို့နယ်(ပြန်/ဆက်)



မုဒုံမြို့နယ်

ရာမည(ပြန်/ဆက်)



နောင်ချိုမြို့နယ်

မြို့နယ်(ပြန်/ဆက်)



ညောင်လေးပင်မြို့နယ်

မြို့နယ်(ပြန်/ဆက်)



နောင်မွန်းမြို့နယ်

မြို့နယ်(ပြန်/ဆက်)



ပုဗ္ဗသီရိမြို့နယ်

အောင်ကို(ပုဗ္ဗသီရိ)



ပူတာအိုမြို့

ခရိုင်(ပြန်/ဆက်)



တီးတိန်မြို့နယ်

မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့

ရဲကိုမောင်(ပြန်/ဆက်)



ကျောက်မဲမြို့

ခရိုင်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ်

ကိုကျော်(ချောင်းဆုံ)



ရွှေကူမြို့နယ်

မြို့နယ်(ပြန်/ဆက်)

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကျင်းပ

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အလံလွှင့်ထူခြင်းနှင့် အလေးပြုခြင်းအခမ်းအနားများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပခြင်းကို နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။


မိုးနဲမြို့နယ်
မျိုးညွန့်ရွှေ(မိုးနဲ)


နမ့်စန်မြို့နယ်
သူရအောင်(နမ့်စန်)


ပန်းတနော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မြင်းခြံမြို့
ချစ်ဦးနွေ(မြင်းခြံ)


တောင်ငူမြို့
ဇော်ကိုကို(တောင်ငူ)


သန်လျင်မြို့
သန်းဝင်း(သန်လျင်)


ကျွန်းလှမြို့နယ်
မျိုးဝင်းညို(ကျွန်းလှ)


ဘီးလင်းမြို့နယ်
ဘီးလင်း(ပြန်/ဆက်)


မလှိုင်မြို့နယ်
၂၁၁


သံဖြူဇရပ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ငပုတောမြို့နယ်
အောင်သူ(ပြန်/ဆက်)


ရွှေကျင်မြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


မအူပင်မြို့
အောင်မြင့်မြတ်(ပြန်/ဆက်)


သပိတ်ကျင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကမမောင်းမြို့
ကမမောင်း(ပြန်/ဆက်)


ဇေယျာသီရိမြို့နယ်
ထွန်းလင်း(ဇေယျာမြေ)


ထန်းတပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မော်လိုက်မြို့
ကိုထက်(ပြန်/ဆက်)

## စစ်ကိုင်းမြို့ မြို့မဈေး၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းမြို့ မြို့မဈေး၌ စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်သည်။

အဆိုပါလက်တွေ့သရုပ်ပြပွဲတွင် ဈေးသူ ဈေးသားများအား အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ်ကို အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှုကို ပူးပေါင်းကာကွယ်ဖြေရှင်းကြပါစို့ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပလတ်စတစ်လျှော့ချသုံးစွဲရန် စက္ကူအိတ်ဖြန့်ဝေခြင်းနှင့်



ဈေးဝယ်သူများအား ပလတ်စတစ်အစားထိုး Recycle Bag ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ ဆွေးနွေး

**မြစ်သား ဖေဖော်ဝါရီ ၁၂**

မြစ်သားမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းငွေက အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမအသင်းအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုချက်များ ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## လွိုင်လင်မြို့၌ မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**လွိုင်လင် ဖေဖော်ဝါရီ ၁၂**

လွိုင်လင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းခန်းမ၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

### ဆုများချီးမြှင့်ပေးအပ်

ဦးစွာ လွိုင်လင်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေဦးက အမှာစကားပြောကြားပြီး မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကာယစွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## မိုင်းပန်မြို့၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

**မိုင်းပန် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်ရာ မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာနိုင်လင်းထွန်း ကြီးကြပ်မှုဖြင့် အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား ကိုယ်လေးချိန်တိုင်းပေးခြင်းနှင့် ပိုလီယိုအကြောသေရောဂါ မဖြစ်စေရန် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းခရိုင်ရုံး၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ဆောင်ပုဒ်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ပြည်တွင်းအားဟူသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**



## ရွှေကျင်မြို့၌ စာပေချစ်မြတ်နိုးသူ အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းကျင်းပ

**ရွှေကျင် ဖေဖော်ဝါရီ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ (Woman Club)အဖွဲ့များပူးပေါင်း၍ စာရေးဆရာ ရဲဘော်စိုးဝင်း(လှိုင်) ရေးသားသည့် "ဇာနည်သွေး ကလေးကဗျာများ"စာအုပ်ဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Woman Club အဖွဲ့ဝင်များက "ဇာနည်သွေး ကလေးကဗျာများ" စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**မိုင်းခတ် ဖေဖော်ဝါရီ ၁၂**

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများလူငယ်အသင်း(Youth Club)တို့ပူးပေါင်း၍ စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၁ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွန့်က စာဖတ်ဝိုင်းပြုလုပ်မည့် စာအုပ်အမျိုးအစားအကြောင်း ရှင်းလင်းပြောကြားကာ စာပေချစ်မြတ်နိုးသူအဖွဲ့က စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "လူငယ် အညွန့်အဖူးများအတွက်"စာအုပ်မှ စေတနာသည် ပဓာန၊ ပညာမြင့်အောင် မြှင့်ကြပါစို့၊ ကိုယ်ပိုင်စွမ်းအား တန်ဖိုးထား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**



## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပခုက္ကူမြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချ/စာသင် သံဃာတော်နှင့် သီလရှင် ၉၆၃ ပါးအား သံဃပူဇာ နဝကမ္မအလှူတော်ပွဲ ကျင်းပ



**ပခုက္ကူ ဖေဖော်ဝါရီ ၁၂**

ပခုက္ကူမြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချ/စာသင် ဆရာတော် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၉၆၃ ပါးအား သံဃပူဇာနဝကမ္မ အလှူတော်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က သာသနဝိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်မြို့ ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ပရိယတ္တိပဓာန စာသင်သား ထောက်ပံ့ရေးကွန်ရက် ဦးဆောင်ဆရာတော်)က သံဃပူဇာ အလှူတော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်) ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ)နှင့် သာသနဝိပုလာရာမ(မန္တလေး)တိုက်ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ်တို့က သာရဏီယဩဝါဒကထာ မိန့်ကြားကြသည်။

ဆက်လက်၍ ပခုက္ကူမြို့ မဟာဝိသုတာရာမပါဠိတက္ကသိုလ် (အလယ်တိုက်) ပဓာနနာယက နိုင်ငံတော်ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)ထံမှ သာရဏီယဩဝါဒကထာနှင့်ရေစက်သွန်းချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး တစ်ပါးလျှင် သံဃပူဇာ နဝကမ္မဝတ္ထုငွေကျပ် ၃၀၀၀၀စီဖြင့် အလှူရှင်များက လှူဒါန်းခဲ့ကြသည်။ **ဘာမီသာ(ပခုက္ကူ)**

## ရေတာရှည်မြို့နယ်၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**ရေတာရှည် ဖေဖော်ဝါရီ ၁၂**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ချောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်လမ်းသစ် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ၄၀၀၀၊ အကျယ် ၁၂ နှင့် ဒု ခုနစ်လက်မရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈၃ ဒသမ ၃၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**



## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) (၁၄)နှစ်မြောက် တက္ကသိုလ်တည်ထောင်သည့်နေ့ အခမ်းအနားကျင်းပ



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၌ (၁၄)နှစ်မြောက် တက္ကသိုလ် တည်ထောင်သည့်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါတက္ကသိုလ်ရှိ မြစံပယ်အမျိုးသမီးဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးအဆင့် ဖေယျာထူးချွန်ဆု ပထမအဆင့်ရရှိခဲ့သည့်ဝန်ထမ်းများ၊ လုပ်ငန်းခွင်အတွင်း မည်သည့်ခွင့်မှ ခံစားခဲ့ခြင်းမရှိသည့် ဝန်ထမ်းများ၊ အရိုးသားဆုံးဆုရရှိခဲ့သည့် ဝန်ထမ်းများ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ကျောက်မဲခရိုင်ရုံး၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကျောက်မဲ ဖေဖော်ဝါရီ ၁၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူကြို ရင်သွေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျောက်မဲခရိုင်ရုံး၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဆေးရောင်ခြယ်၊ အရုပ်ရောင်စုံစက္ကူကပ်၊ ဘောလုံးဇွန်းကိုက်၊ ပူဖောင်းဖောက်/သယ်၊ သားရေကွင်းသယ် ပြိုင်ပွဲများကျင်းပပြီး ကြယ်စင်လင်းမူကြိုမှရင်သွေးငယ် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲဝင်မူကြိုကလေးငယ်များအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပြီး အာဟာရအဖြစ် မုန့်နှင့် အချိုရည်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သီပေါမြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်



**သီပေါ ဖေဖော်ဝါရီ ၁၂**

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)၊ အမျိုးသမီးအသင်း (Women Club)နှင့် လူငယ်အသင်း(Youth Club)တို့ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက်က စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နီလာစိုးက စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းအဖွဲ့ဝင်များက စာရေးဆရာ လယ်တွင်းသားစောချစ်၏ "ပန်းလိုချင် အပင်ပျိုးတတ်မှ" စာအုပ်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးသည်။ **မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ကျောက်တန်းနှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ် (၁) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ဝိဇ္ဇာဓမ္မသာသနာ့ဗိမာန် အလယ်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၆၉ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ တောင်ပေါ်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၇ ဦးအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တောင်ငူမြို့ မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်စဉ်။ ဇော်ကိုကို(တောင်ငူ)

## ဆီဆိုင်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေး

**ဆီဆိုင် ဖေဖော်ဝါရီ ၁၂**

ဆီဆိုင်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (အကြို) အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စုမြတ်လင်းနှင့် ဝန်ထမ်းတစ်ဦးက ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံ၊ ပြည်ထောင်စုနေ့ကို ထိန်းသိမ်းစောင့်ရှောက်သင့်ပုံတို့ကို အသိပညာဗဟုသုတများရရှိနိုင်စေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်လင်းကျေးရွာကုန်ထုတ်လမ်းဖွင့်



**လွိုင်လင် ဖေဖော်ဝါရီ ၁၂**
လွိုင်လင်မြို့တွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်လင်းကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ နမ့်လင်းကျေးရွာကုန်ထုတ်လမ်း အရှည် (၁/၀)မိုင်ကို ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ၄၇ ဒသမ ၅၂ သန်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစတင်ခဲ့ကာ ဒီဇင်ဘာ ၃၁ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **အယ်မင်း(လွိုင်လင်)**

## သနပ်ပင်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



**သနပ်ပင် ဖေဖော်ဝါရီ ၁၂**
သနပ်ပင်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့ရှောင်လမ်းဈေးပိုင်းရပ်ကွက်ရှိ စူပါဇော်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းသားများက သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြကာ ရွှေကျွန်းအသင်းနှင့် စွန်ပိအသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း(ကပ်ကျော်) ကျောင်းဆောင်သစ်ဖွင့်

**မင်းလှ ဖေဖော်ဝါရီ ၁၂**
မင်းလှမြို့နယ် ရွေးကုန်းအုပ်စု ကပ်ကျော်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(ကပ်ကျော်)ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ခင်သန္တာမိုးက ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးလှငွေး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က ကပ်ကျော်အခြေခံပညာမူလတန်းကျောင်း RCC တစ်ထပ်



ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ကာယ/ဉာဏစွမ်းရည်ပြိုင်

**ဓနုဖြူ ဖေဖော်ဝါရီ ၁၂**
ဓနုဖြူမြို့နယ်တွင် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူကြို



ကလေးငယ်များ၏ ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ကျောင်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က အမှတ်(၇)ရပ်ကွက်ရှိ ဈေးပိုင်းခမ်းမရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်က အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ကလေးများနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုခဲ့ပြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူကြိုကလေးများ ကာယစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော ကလေးများအား ဆုများချီးမြှင့်ခဲ့ကြသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

### စာအုပ်စင်ကဏ္ဍ

## လက်တွေ့ MOTI စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
စာရေးသူ သိန်းဝင်းဦး၏ ခွန်အားဖြည့် စာစုများဖြင့် စုစည်းရေးသားထားသည့် လက်တွေ့ MOTI စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် ပညာ၊ စီမံခန့်ခွဲရသူဆိုတာ၊ အပေါင်းလက္ခဏာ၊ မပြည့်တဲ့အိုး၊ နည်းမှန်၊ လူမှန်၊ နေရာမှန်၊ဝါးနုနဲ့ ဝါးရင့်၊ နိမိတ်ရှိတဲ့အမည်၊ ပါရမီဆိုတာ၊ လက်တွေ့ Moti၊ လူဖြစ်ရှုံးသူများ၊ စိတ်ကူးကနေ ထိပ်ဖူးအထိ ရောက်ဖို့၊ မိဘကျေးဇူး၊ နည်းပေးလမ်းပြ၊ နေပျော်တဲ့ဘဝဖြစ်ဖို့၊ Time Sharing၊ တုံဏှိဘာဝေ၊ အောင်မြင်ခြင်းမှတ်တိုင်၊ လက်ဆင့်ကမ်း၊ သက်ရှိဘုရား၊ တွန်းအားအုပ်စု၊ စွန့်လွှတ်ခြင်းရဲ့ ပီတိ၊ ဇာတ်ပို့၊ ကိုင်းကူးခြင်း စသည့် ခွန်အားဖြည့်စာစုများဖြင့် စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို မေတ္တာရိပ်နန်းစာပေ အခန်း(၂) တိုက်(၂၂၃) မိုးကောင်းလမ်း (၁၅)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉၂၅၉၈၆၉၅၁၇၊ ၀၉၆၈၃၆၇၆၈၆၀တို့တွင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**




**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**



ပုလောမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agricultural Practices (GAP) အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ မိုးစပါးစိုက် အကျိုးဆောင်တောင်သူ ၁၇၃ ဦး လယ်ဧက ၉၀၀ ကို GAP လက်မှတ်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



မိုင်းဖြတ်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်သက်နှင့် ပူးပေါင်းအဖွဲ့က မြို့မဈေး၌ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ချောက်မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆောင်ရွက်စဉ်။ ကျော်မိုး(ပြန်/ဆက်)



ဟိုပုံးမြို့ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြုလုပ်စဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



ဖျာပုံမြို့တွင် ရုံး/ဌာနများ၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းများကို ဖျာပုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်း၊ ဒုမီးသတ်ဦးစီးမှူး ဦးဇေယျမင်းခန့်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်စဉ်။ ကိုလင်း

# မြို့နယ်အသီးသီး၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ

ယနေ့ကျရောက်သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အလံလွှင့်ထူခြင်းနှင့် အလေးပြုခြင်းအခမ်းအနားများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပခြင်းကို နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ကျောက်တံတား

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။ **မြို့နယ်(ပြန်/ဆက်)**



## မြောက်ဥက္ကလာပ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ဖြိုးဝေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ယာယီရဲမှူး မျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်သည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## သနပ်ပင်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ယနေ့နံနက်ပိုင်းက (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းက ဖတ်ကြားကာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်အလေးပြုစဉ်။ မြို့နယ်(ပြန်/ဆက်)



အရာတော်မြို့၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းချစ်က ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြစန္ဒီပန်းခြံ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့်အဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်စဉ်။ ဆောင်းနှင်းဖြူ (ပြန်/ဆက်)



အင်းစိန်မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရွာမအရှေ့ရပ်ကွက်မင်းကြီးလမ်း (ဗဟိုလမ်း)ရှိ အင်းစိန်မြို့နယ်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား သဝဏ်လွှာကို ဖတ်ကြားစဉ်။ ဉာဏ်လင်း

## တံတားဦး

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမရှေ့၌ ယနေ့ နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ဖတ်ကြားသည်။

ထို့နောက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့မှ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့မှ ဆုရရှိသူများအား တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ရဲတင့်(ပြန်/ဆက်)**



## ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့ နံနက် ၅ နာရီ မိနစ် ၃၀ တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း ကျင်းပသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကို နံနက် ၇ နာရီတွင် ကျောက်ကြီးမြို့နယ် မြို့မရဲစခန်းဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်ပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းခဲ့ကြသည့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့ ရွှေဝါနဒီပန်းခြံအဆင့်မြှင့်တင်ခြင်းနှင့် ပန်းခြံအဝင်နင်းဆီ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၁၂ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ရွှေဝါနဒီပန်းခြံ အဆင့်မြှင့်တင်ခြင်းနှင့် ပန်းခြံအဝင်နင်းဆီ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ပန်းခြံတွင် ကျင်းပသည်။

ဦးစွာ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအောင်ကိုမင်းက ပန်းခြံနှင့် ပန်းခြံအဝင်လမ်းအဆင့်မြှင့်တင်တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်ဖျူဟာမှူး ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လေးသိန်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လုပ်ငန်းများအား အောင်မြင်အောင် ကြီးကြပ်ဆောင်ရွက်ပေးသည့် အမှုဆောင်အရာရှိနှင့် တာဝန်ယူတည်ဆောက်ပေးသော ပညာရှင် Mr.Woraphan Mongkhol၊ အလှူရှင်ကျပ် သိန်း ၂၀၀ ထည့်ဝင်လှူဒါန်းပေးသော ဦးထွန်းနေဦး၊ ဦးဖေယျာထွန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်သည်။

ကျော်ဖေယျာလင်း (ပြန်/ဆက်)

## မက်မန်းမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေး

မက်မန်း ဖေဖော်ဝါရီ ၁၂ မက်မန်းမြို့နယ် အတွင်း ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်း ပိုမိုအဆင်ပြေ ချောမွေ့စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မက်မန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကား ပြောကြားပြီး “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးကျော်မြင့်လွိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မက်မန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ တိုးသူရအောင်က ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်သီတာချမ်းအေးက ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်းနှင့် ပတ်သက်သော အခြေခံ အချက်အလက်များကို ရှင်းလင်းဟောပြော ဆွေးနွေးသည်။



ထို့နောက် တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြသထားသည့် ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်အား လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (သောကြာနေ့)ညတွင် အားမာန်သစ်ရှမ်းတီးဝိုင်းအဖွဲ့နှင့်အတူ ရှမ်းတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် “ **မောရှမ်းတို့မြေ ချယ်ရီဝေ**” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၁၃-၂-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မောရှမ်းတို့မြေ ချယ်ရီဝေ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၄)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပျော်စရာကောင်းတဲ့ရှမ်းပြည်နယ် | တိုင်းရင်းသားအဆိုရှင် |
| ၂။ | တောင်ပေါ်ရှမ်းလေး | တိုင်းရင်းသားအဆိုရှင် |
| ၃။ | ဆက်ရက်မ | တိုင်းရင်းသားအဆိုရှင် |
| ၄။ | မမျှော်နဲ့တော့ | တိုင်းရင်းသားအဆိုရှင် |
| ၅။ | မြေပြန့်သူလေး | တိုင်းရင်းသားအဆိုရှင် |
| ၆။ | မယ်ထို့(ခ)ဦးရဲ့ခလေး | တိုင်းရင်းသားအဆိုရှင် |
| ၇။ | နေရစ်တော့ကွယ် သွားတော့မယ် | တိုင်းရင်းသူအဆိုရှင် |
| ၈။ | ထာဝရချစ်မဲ့သူ | တိုင်းရင်းသူအဆိုရှင် |
| ၉။ | လတ်တီး | တိုင်းရင်းသူအဆိုရှင် |
| ၁၀။ | နားလည်ပေးပါ | တိုင်းရင်းသူအဆိုရှင် |
| ၁၁။ | အနမ်းသစ် | တိုင်းရင်းသူအဆိုရှင် |
| ၁၂။ | မေ့ပြီလား | တိုင်းရင်းသူအဆိုရှင် |
| ၁၃။ | ချယ်ရီပန်းအသည်းပေးမယ် | တိုင်းရင်းသား+တိုင်းရင်းသူအဆိုရှင် |
| ၁၄ | အေးချမ်းလှပေရှမ်းတို့မြေ | Group Song |



ညောင်ရွှေမြို့ မြို့မဂေါ်လာဈေးကြီး မီးဘေးကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဖေဖော်ဝါရီ ၁၂ ရက်က ဆောင်ရွက်ကြစဉ်။ စိုင်းအယ်ဘဲ



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ရှိ မြို့နယ်စည်ပင်သာယာဈေးတွင် ဖေဖော်ဝါရီ ၁၂ ရက်က မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းတို့အား သရုပ်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/37846, Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုး ၁၄/ဝခမ(နိုင်)၂၈၃၈၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/59041, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံအောင် ၇/ပခတ(နိုင်)၀၈၉၃၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)
ပြည်မြို့

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (၁၂/၇တိုးချဲ့ကွက်သစ်)၊ ဦးပိုင် (၁၆၉)၊ ဧရိယာ (၀ဒသမ၀၉၆) ဧက၊ အမှုတွဲအမှတ်၊ ၁၄၈-၅/၂၀၀၈-၂၀၀၉(အေ)၊ ဦးကျန်ထယ်ဝင်၊ ၁၃/ခရဟ(နိုင်)၀၀၀၀၆၆ အမည် ပေါက်မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်ချွမ်း(ခ)ရီရီ ၁၃/ကလတ(နိုင်)၀၁၇၃၁၉ မှ စာချုပ်အမှတ် (၄၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဦးလီကျားခမ်း ၁၃/လရန(နိုင်)၁၈၁၂၀၄ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးလီကျားခမ်း အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁-၂၀၂၆ ရက် ဤသတင်းစာ၏ စာမျက်နှာ ၂၈ တွင်ပါရှိသော အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဦးပိုင်အမှတ်(၁၆၉)က အစား (၁၆၉)ဏ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အလိမ္မာ စာမှာရှိ

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ် ( S-080 )၊ အကျယ်အဝန်း ( အလျား ၁၀၀ x အနံ ၁၀၀ )ပေ၊ ဧရိယာ (၀.၂၂၉) ဧကရှိ ဒေါ်ဖြိုးသန္တာ (ဘ) ဦးစိုးကြည် (၁၂/ရကန(နိုင်)၀၇၄၅၁၃ ) အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိသူ ဒေါ်ယမင်းထွန်း (ဘ) ဦးထွန်းဦး (၁၂/ဥကတ(နိုင်)၀၀၂၄၆၂ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသဇင်ချစ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)
အမှတ် (၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊
နေပြည်တော်၊ ဖုန်း - ၀၉ ၄၃၁၁၂၂၄၀

### အမည်မှန်

ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမောင်အောင် (လက်ထောက်ဦးစီးမှူး)၏အမည်မှန်မှာ ဦးမောင်မောင်အောင် ၁၁/ကတန(နိုင်)၀၆၉၈၆၀ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ဖောင်းပြင်မြို့နယ်၊ လှိုင်မခံရွာနေ (ဘ)ဦးသန်းထွန်း၏သမီး မမေသင်းခိုင် ၅/ဖပန(နိုင်)၁၀၂၈၅၆ ၏ နိုင်ငံကူးလက်မှတ် MD-768867 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၅၁၅၀၈၅

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရတနာပုံတက္ကသိုလ်၊ ဒုတိယနှစ် (ပထဝီ)တွင် ပညာသင်ကြားခဲ့သော မောင်စိုင်းဆိုင်လိန် ၁၃/မပာရ(နိုင်)၀၀၃၂၃၉ ၏ ဖခင် ဦးစိုင်းရီ၏ အမည်မှန်မှာ ဦးစိုင်းယီ ၁၃/မဆတ(နိုင်)၀၃၅၃၈၄ ဖြစ်ပါကြောင်း။

ဦးစိုင်းယီ

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ E.J(Middle Private School) Grade -3 မှ (ဘ) ဦးအောင်မြင့်ကျော်၏ သမီး မပြည့်ပြည့်မောင်အား မဖူးပွင့်မေသူ ဟု ပြောင်းလဲခေါ်ပါရန်

မဖူးပွင့်မေသူ

### အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၇)၊ မြေအကျယ်အဝန်း (၂၅ x ၁၀၀)ပေပေါ်ရှိ RC (၁) ထပ် အဆောက်အဦးနှင့် ပတ်သက်၍ (၁၁.၂.၂၀၂၆) ရက်နေ့တွင် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ “မောင်နှမ(၄)ဦးတို့” ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီးစီးပါကြောင်းနှင့် ကျွန်မ ဒေါ်လှလှဝေ(၁၂/လမန(နိုင်) ၀၇၀၉၆၆)၊ (ဘ) ဦးဘရေး တစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ဒေါ်လှလှဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝေဝေဖြိုး (LL.B)
အထက်တန်းရှေ့နေ (စဉ်- ၅၆၅၀၁)
စုပေါင်းရုံဝင်း၊ အင်းစိန်မြို့နယ်။
၀၉-၂၆၉၃၅၅၆၄၁၊ ၀၉-၇၉၆၂၄၉၃၂၃

### (၉-၂-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မာမြင့် (LL.B)၏ အများသိစေရန် ကြေညာချက်အပေါ် အသိပေး ကန့်ကွက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ဗိုလ်ချုပ်(၁)လမ်း၊ အမှတ်(၁၄၉၂)နေ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင် (၁၂/ဒလန(နိုင်)၀၃၇၄၉၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကန့်ကွက်ကြေညာလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေဦးဝင်းနိုင်မှာ အထက်ပါလိပ်စာရှိ မြေငှားဂရန် အမည် ပေါက် ဒေါ်ခင်ဥ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိပြီး ပိုင်ဆိုင် လက်ဝယ်ထားသူ တစ်ဦးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျွန်ုပ်မိတ်ဆွေမှာ လေဖြတ်ဝေဒနာခံစားနေရသဖြင့် ခယ်မဖြစ်သူ ဒေါ်ခိုင်ယုမော်(၁၂/မဂတ(နိုင်)၀၈၁၀၂၆)နှင့် တူမဖြစ်သူ ဒေါ်ခိုင်သဇင်နိုင် (၁၂/ဒလန(နိုင်)၀၈၅၅၇၀)တို့ကို ၎င်းအားပြုစုစောင့်ရှောက်ရန် ခေါ်ယူထားခဲ့ခြင်း ဖြစ်ပါသည်။

ယခုကျွန်ုပ်မိတ်ဆွေ ကျန်းမာရေးကောင်းမွန်လာသည့်အချိန်တွင် ကျွန်ုပ်မိတ်ဆွေ လက်ဝယ်ရှိ ဒေါ်ခင်ဥအမည်ပေါက် နှစ် (၆၀) ဂရန်နှင့်အတူ စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသည်ကို သိရှိရသည့်အတွက် သက်ဆိုင်ရာ ရဲစခန်းနှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ တင်ပြတိုင်ကြားထားပြီး ဖြစ်ပါသည်။

(၉-၂-၂၀၂၆) ရက် မြန်မာ့အလင်းသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရန်ကြေညာထားသည့်အတွက် အရောင်းအဝယ်ပြုလုပ်သူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ဆက်လက် မပြုလုပ်ရန် အများသိစေရန် အသိပေးကန့်ကွက်ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း B.A(Law), LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၈၆)**
**ဒေါ်ရွှေရည်တင့်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၀)**
တိုက် (၁-အေ)၊ အခန်း (၁၀၄)၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊
လှိုင်မြို့နယ်၊ ဖုန်း-၀၉-၇၈၈၃၀၅၅၈၅,၀၉-၅၀၅၉၉၈၂

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (၁၂/၇ တိုးချဲ့ကွက်သစ်)၊ ဦးပိုင်(၁၆၇)၊ ဧရိယာ (၀ဒသမ၀၉၆) ဧက၊ အမှုတွဲအမှတ်၊ ၁၅၂-၅ /၂၀၀၈-၂၀၀၉(အေ)၊ ဦးကျန်ထယ်ဝင် ၁၃/ခရဟ(နိုင်)၀၀၀၀၆၆ အမည်ပေါက် မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်ချွမ်း(ခ)ရီရီ ၁၃/ကလတ(နိုင်)၀၁၇၃၁၉ မှ စာချုပ်အမှတ် (၂၊/၂၀၂၆)ဖြင့် ရောင်းချပြီး ဖြစ်သဖြင့် ဦးလီကျားခမ်း ၁၃/လရန(နိုင်) ၁၈၁၂၀၄ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးလီကျားခမ်း အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (၁၂/၇ တိုးချဲ့ကွက်သစ်)၊ ဦးပိုင်(၁၆၆)၊ ဧရိယာ (၀ဒသမ၀၉၆) ဧက၊ အမှုတွဲအမှတ်၊ ၁၄၇-၅/၂၀၀၈-၂၀၀၉(အေ)၊ ဦးကျန်ထယ်ဝင် ၁၃/ခရဟ(နိုင်)၀၀၀၀၆၆ အမည် ပေါက်မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်ချွမ်း(ခ)ရီရီ ၁၃/ကလတ(နိုင်)၀၁၇၃၁၉ မှ စာချုပ်အမှတ် (၃၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဦးလီကျားခမ်း ၁၃/လရန(နိုင်)၁၈၁၂၀၄ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးလီကျားခမ်းအမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးကျော်မင်းစိုး ၈/ပမန(နိုင်)၀၉၅၆၉၆ ၏ဇနီး (ဘ) ဦးတင်ဝင်း၏သမီး ဒေါ်သဲမာဝင်းသည် မိမိသဘောဆန္ဒအရ နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သဲမာဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မင်းစိုး-တနိုင်း




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ် (၉၇၀)၊ အကျယ်အဝန်း (၄၅ပေ၁၁လက်မ × ၆၁ပေ)ရှိ ဒေါ်ယဉ်သာလင်း(၁၂/ကတတ(နိုင်)၀၀၄၂၄၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ယဉ်သာလင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈၀၇/၂၀၁၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့်(၁၂/ရကန (နိုင်) ၀၅၃၄၅၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ ဒါနသုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ( ကျောင်းစု )၊ မြေကွက်အမှတ် (၁၄၈/က)၊ အကျယ် (၂၀x၆၀)ပေရှိ ဦးနု အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်တင်တင်ညို (၁၂/ဒလန(နိုင်)၀၂၂၅၈၀)+၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထွန်း (LL.B., D.B.L)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၂၅၉ ( ၁၄ - ၃ - ၂၀၁၇ )
အမှတ် (၅၀)၊ မြေညီထပ်၊ (၃၉) လမ်းအောက်၊ (၈) ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၀၁၅၇၃၄၆၂၊ ၀၉-၇၇၇၁၇၁၉၉၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၆၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်း ၁၀/မလမ(နိုင်)၃၀၅၃၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၂၃၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်စိုး ၁၀/မဒန(နိုင်)၁၈၅၀၄၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၄၀၃၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၀/မလမ(နိုင်)၂၃၁၂၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နေ ဒေါ်နွဲ့(၁၃/တကန(နိုင်) ၀၄၁၉၀၅)၏သမီး မအေးအေးနိုင်(၁၃/တကန(နိုင်)၁၄၅၆၀၇)သည် မိခင်နှင့်မောင်နှမများ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ငွေကြေးကိစ္စနှင့် အခြားကိစ္စအဝဝကို မိခင်နှင့်မောင်နှမများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်နွဲ့နှင့်မောင်နှမများ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ဇေယျာမြိုင်လမ်း၊ မြေကွက်အမှတ် (၁၉၈/က)၊ ဧရိယာ (ပေ ၂၀xပေ ၆၀)ရှိ ဦးလှသိန်း (S/OKA-၀၉၉၇၄၀) အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးတင်စိုး(၁၀/ပမန(နိုင်)၁၃၆၉၇၉)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၀) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၂၆၂)** | **(စဉ်-၅၅၈၁၉)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ တောင်ကြီး- ဟိုပုံးလမ်း နေထိုင်သူ ဒေါ်မိုးမိုးထွေး (၁၃/တကန(နိုင်)၁၉၂၀၅၉) နှင့် ၎င်း၏မောင်နှမများ ဖြစ်ကြသည့် ဦးခင်မောင်စိုး (၁၃/တကန(နိုင်) ၁၄၅၁၇၁)၊ ဒေါ်မိုးမိုးအေး (၁၃/တကန(နိုင်)၁၉၂၀၅၈) နှင့် ဒေါ်မာလာ(၁၃/တကန(နိုင်)၁၄၇၆၂၉) တို့၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ဖြစ်သူ ဦးမောင်မှီ (၁၃/တကန(နိုင်) ၀၁၁၀၄၈) သည် (၂-၂-၂၀၂၆)ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းကွယ်လွန်သည့်အချိန်တွင် "တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၁)၊ စနိုးဘောလမ်း၊ အိမ်အမှတ်(ည/၁၈၃) အမည်ရှိ အိမ်နှင့်မြေဥပစာသည် အမွေဆိုင်အဖြစ်ကျန်ရစ်ခဲ့ပါသည်။ ထိုအိမ်နှင့်မြေဥပစာသည် အမွေဆိုင်အိမ်နှင့်မြေဥပစာဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများ သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးထွေးပါ-၄ဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိမွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၈၀/၃၁-၅-၂၀၁၆)**
**၈/၂၄၅၊ သုခလမ်း၊ စဝ်စံထွန်းရပ်ကွက်၊တောင်ကြီးမြို့။**
**ဖုန်း-၀၉-၄၂၈၃၁၁၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ် (၆၄)၊ ဦးကြည်ဝင်း၊ ဒေါ်ညွန့်ရီ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်၊ ဧရိယာ (၀.၁၂၉)ဧကအား ဒေါ်ညွန့်ရီ(ဘ)ဦးထွန်းရ ၉/တကန(နိုင်)၀၀၅၁၀၁ မှ မြေငှားစာချုပ်သက်တမ်းတိုးအမည်ပေါက် ပြောင်းလဲပေးပါရန် နှစ် (၃၀) မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/8446, Toyota Corolla CE 108 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းမြတ်တင် ၁၂/စခန(နိုင်) ၀၆၁၇၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၅၃၃၆၉, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဦး ၉/ပမန(နိုင်)၂၉၀၈၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/9811, Bajaj maxima (250cc), 3W (3x2) Passenger ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုး ၁၀/ပမန(နိုင်)၀၉၄၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၈၉၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၁၀/ပမန(နိုင်)၀၄၅၅၀၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
## ကော့သောင်းခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ ဇာရီမှုအမှတ်_၄

| | | |
|---|---|---|
| ဒေါ်ဝင်းဖူးပွင့်ပွင့်မိုး | **နှင့်** | ၁။ ဦးသက်မောင်ဦး<br>၂။ ဒေါ်အိအိမာ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ကော့သောင်းခရိုင် တရားရုံးတော်၊တရားမကြီးမှုအမှတ် ၆/၂၀၂၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ဦးပိုင်အကွက် အမှတ် (၄၃)၊ မြေကွက်အမှတ် (၁၄၁)၊ ဧရိယာ (၀ဒသမ ၀၄၀)ဧက၊ မြို့မြေအမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အင်္ဂတေခင်း၊ အင်္ဂတေကာ၊ ခေါင်မိုး (စလစ်လောင်း)၊ နှစ်ထပ်ခွဲတိုက် အဆောက်အအုံတစ်ဆောင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်

- အရှေ့ဘက်လားသော် - ရေမြောင်း
- အနောက်ဘက်လားသော် - မြေကွက်အမှတ် (၁၄၂)
- တောင်ဘက်လားသော် - မြရည်ပုလဲလမ်း
- မြောက်ဘက်လားသော် -ငုဝါလမ်းစသည့်နယ်လေးရပ်အတွင်း

တည်ရှိသော နေအိမ်မြေကွက် ဖြစ်ပါသည်။ -

| | | |
|---|---|---|
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း (၆၅၀၀) |
| ရောင်းချမည့်နေ့ရက် | - | ၁၀-၃-၂၀၂၆ ရက် |
| ရောင်းချမည့်အချိန် | - | နံနက် (၁၀) နာရီ |

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင် သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင် ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် (၈၃၊ ၈၅)၊ ဧရိယာ (၀.၃၁၈)ဧကရှိ ဦးထွန်းကျော် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဦးထွန်းကျော်(ဘ)ဦးဘစိန် ၉/တကန(နိုင်)၀၁၃၀၃၅ မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၄၃၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကိုမြတ် ၁၀/မလမ(နိုင်)၁၆၇၃၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/15786, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကိုနိုင် ၁၄/မမန(နိုင်)၂၃၈၃၉၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/1827 ၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ ဦးဥတ္တမလမ်း၊ မြေကွက်အမှတ်(၂၃၅/ခ)၊ ဧရိယာပေ (၂၀ x ၆၀) ရှိ ဦးအာကာစိုးတင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ၂ထပ်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအာကာစိုးတင့် ၁၂/အစန(နိုင်)၁၉၃၃၂၉ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ဒေါ်မြတ်မြတ်မိုး ၁၂/မဂတ(နိုင်)၀၃၇၃၄၄နှင့် ဒေါ်မြတ်မြတ်ထွေး ၁၂/မဂတ(နိုင်)၀၃၇၃၄၃ တို့က စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း - ၀၉ ၇၈၅၁၄၉၄၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ ဦးကြင်ဥ(၂)လမ်း၊ မြေကွက်အမှတ်(၉၁၃)၊ ဧရိယာပေ (၄၀ x ၆၀) ရှိ ဦးစိုးလင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစား ခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရွှေနု ၁၂/ဒဂန(နိုင်) ၀၂၀၀၅၀ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဦးအာကာစိုးတင့် ၁၂/အစန(နိုင်) ၁၉၃၃၂၉ က စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း - ၀၉ ၇၈၅၁၄၉၄၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် (၁၈)၊ ဧရိယာ (၀.၁၃၈)ကေအနက်မှ ဧရိယာ(၀.၁၈၃) ဧကအား ဒေါ်နုနုအေး(ဘ)ဦးနု ၉/တကန(နိုင်)၀၀၃၈၁၅ မှ တပ်ကုန်း မြို့နယ်မြေ စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၂၃/ ၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေ ငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ (၀.၆၁၆) ကေအနက်မှဧရိယာ (၀.၁၉၅) ကေအား ဦးကျော်နိုင်(ဘ)ဦးခင်လှိုင် ၉/တကန(နိုင်)၀၁၂၅၇၃ မှ တပ်ကုန်း မြို့နယ်မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် (၁၆၉၁/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း များ တင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၈၇၊ သုခိတာလမ်း၊ မြေကွက်အမှတ်- ၃၈၆/က၊ ဦးထွန်းမြတ်နိုင် (၉/ မခန(နိုင်)၁၆၄၆၄၉) အမည်ပေါက်၊ အကျယ် (ပေ ၂၀ x ပေ ၆၀)နှင့် မြေကွက် အမှတ် -၃၈၆/ခ၊ ဦးခင်မောင်အေး (TME -၀၀၂၀၆၁) အမည်ပေါက်၊ အကျယ်(ပေ ၂၀xပေ ၆၀)စီရှိသော ပါမစ်မြေအမျိုးအစား မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူ ထားသူ၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြစိန် (၁၂/သကတ (နိုင်) ၀၅၁၇၀၇)- ဒေါ်ငွေ(၁၂/သကတ(နိုင်) ၀၅၁၇၀၆) အမှတ်(၂၀၆၁/ခ)၊ သုခိတာ လမ်း၊ ၈၇ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် နေသူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုးက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ(၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါသည်။ (၇) ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထာနွယ်ခင်** | **ဒေါ်ခိုင်ဇင်ဝင်း၊ (LL.B, D.B.L)** |
| **(LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(တရားလွှတ်တော်ရှေ့နေ စဉ်- ၈၀၂၁)** | **(စဉ်- ၁၃၀၈၈)** |

**အမှတ်-၅၈၁/ခ၊ ရွှေပြည်သာ (၂)လမ်း၊ ၃၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉- ၅၁၉၇၉၃၂၊ ၀၉-၉၆၃၁၂၂၅၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာမြို့သစ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃ )၊ မြေကွက် အမှတ် (၂၂၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်နှင်းယုယုစိုး မှ သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်၊အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက သက်တမ်းတိုးအမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

